ကမ်းတောကျေးရွာ

ဘုတ်ပြင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး



ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၃-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကမ်းတောကျေးရွာ၊ ဘုတ်ပြင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှကူညီရေးဆွဲသည်။)

၂၀၂၄ ခုနှစ်၊ မတ်လ

မာတိကာ

၁။ စကားချီး ၁

၂။ ရည်ရွယ်ချက် ၂

၃။ ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းမြစ်များ ၃

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား ၃

(ခ) သဘာဝအရင်းမြစ်များ ၄

၄။ စီမံကိန်းဧယာမများ ၅

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ ..... **Error! Bookmark not defined.**

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ..... **Error! Bookmark not defined.**

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား ..... **Error! Bookmark not defined.**

(၁.၃) သဘာဝ ရင်းမြစ်များ ..... **Error! Bookmark not defined.**

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ ..... **Error! Bookmark not defined.**

(၁.၅) ထိခိုက်လွယ်မှု ..... **Error! Bookmark not defined.**

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ ..... **Error! Bookmark not defined.**

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ ..... **Error! Bookmark not defined.**

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ..... **Error! Bookmark not defined.**

(၂.၃) ရွှေ့ပြောင်းလုပ်သားများ ..... **Error! Bookmark not defined.**

(၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက် ..... **Error! Bookmark not defined.**

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ..... **Error! Bookmark not defined.**

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု ..... **Error! Bookmark not defined.**

(၂.၇) ပညာရေး ..... **Error! Bookmark not defined.**

(၂.၈) ကျန်းမာရေးနှင့် အာဟာရ ..... **Error! Bookmark not defined.**

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ..... **Error! Bookmark not defined.**

(၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ ..... **Error! Bookmark not defined.**

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ ..... **Error! Bookmark not defined.**

(၂.၁၂) လျှပ်စစ်မီးရရှိမှု ..... **Error! Bookmark not defined.**

(၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ ..... **Error! Bookmark not defined.**

(၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ..... **Error! Bookmark not defined.**

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ ..... **Error! Bookmark not defined.**

၅။ နောက်ဆက်တွဲများ ၄၂

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော လူထုပါဝင်ရေး ဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များ တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း ကျေးရွာလူထုစနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ဤလုပ်ငန်းစနစ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေး ဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိနားလည်လာခဲ့ရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်များရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှတစ်ဆင့် ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိ လာခဲ့ပါသည်။

ယခုရရှိသော အစီအစဉ်ကို ထပ်မံရရှိသောကိန်းဂဏန်းအချက်အလက်များ ထပ်မံဖြည့်စေးခြင်း ဖြင့် ပိုမိုကောင်းမွန်ပြည့်စုံလာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်သည် ထပ်မံဖြည့်စွက်လုပ်ဆောင် ရမည့်လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု ထက်ဝန်းခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ် ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုလုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်သည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ပံ့ပိုးမှုများ ဆက် လက်ရရှိမည်ဟု မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ တိုးတက်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိမည်ဟု ယုံကြည်မိပါသည်။

မတ်လ၊ ၂၀၂၄ **ကမ်းတောကျေးရွာ**

ဘုတ်ပြင်းမြို့နယ်

၂။ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်သည့် အစီအစဉ် ဖြစ်ပါသည်။ ပထမဦးဆုံး သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းသတင်း အချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဆိုင်ရာ များမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိလာကြသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးအခြေအနေနှင့် ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာဖြစ်ရသည့်အကြောင်းရင်းများ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အကြောင်းအရာ များနှင့် အဟန့်အတားဖြစ်စေသောအရာများ၊ ငါးနှစ်တာကာလအပြီးတွင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများနှင့် စီမံချက်များကို ရှင်းလင်းစွာဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ဖွံ့ဖြိုးရေးနှင့် ဆက်နွယ်လာသူ အားလုံးတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန်မျှော်လင့်ပါသည်။

၃။ ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကမ်းတောကျေးရွာသည် ဘုတ်ပြင်းမြို့၏ တောင်ဘက်တွင်တည်ရှိပြီး ကုန်းလမ်း၊ ရေလမ်းဖြင့် မိုင်(၅၂)ခန့် အကွာတွင် တည်ရှိပါသည်။ ရွာ၏မြောက်ဘက်တွင် ဟန်ကချင်းကျေးရွာ၊ အရှေ့မြောက်ဘက်တွင် ကော့ရဲကြီးကျေးရွာနှင့် အရှေ့ဘက်တွင် နောင်စိုးတောင် ကျေးရွာနှင့် ကရသူရိမြို့နယ်၊ အနောက်မြောက်ဘက်တွင် ကော့ရဲငယ်ကျေးရွာနှင့်ငှက်ပျောကျွန်းကျေးရွာတို့တည်ရှိပါသည်။ ကမ်းတောကျေးရွာသို့ လာရောက်မည်ဆိုပါက ရာသီဥတုသာယာသောအချိန်များတွင်လာ ရောက်လျှင်ပို၍အဆင်ပြေပါသည်။ မိုးကာလ ရာသီဥတုဆိုးရွားသောအချိန်များတွင် လှိုင်းလေကြီးသဖြင့် သွားလာရန်အနည်းငယ်ခက်ခဲပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေမြှင့်တင်ရေးစီမံကိန်း

ဘုတ်ပြင်းမြို့နယ်၊စီမံကိန်းကျေးရွာအုပ်စုများအခြေပြမြေပုံ



(ခ) သဘာဝအရင်းမြစ်များ

ကမ်းတောကျေးရွာ၏ တည်ရှိပုံမှာ ရေလုပ်ငန်းအဓိကလုပ်ကိုင်သော ကျေးရွာဖြစ်၍ ကျွန်းပေါ်တွင် တစ်စုတည်း နေထိုင်ကြပါသည်။ ကမ်းတောကျေးရွာတွင် ဗုဒ္ဓဘာသာ လူမျိုးများ နေထိုင်ကြပါသည်။ ကျေးရွာအတွင်းရှိ အိမ်ထောင်စုများမှာ ရေလုပ်ငန်းကိုအဓိကလုပ်ကိုင်ကြပြီး အသက်မွေးဝမ်းကျောင်းကြပါသည်။ ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်ရှိ၍ ကွမ်းသီးကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာအား လာရောက်မည်ဆိုပါက ကုန်းလမ်းခရီးမှ တစ်ဆင့် စက်လှေစီးကာ ရေလမ်းခရီးဖြင့်လာရောက်နိုင်ပါသည်။ နွေကာလတွင် လာရောက်ရန်မှာ ကောင်းမွန်ပါသည်။ မိုးကာလရာသီဥတု ဆိုးရွားချိန်တွင် လာရောက်မည်ဆိုပါက လှိုင်းလေများ ရှိသောကြောင့် ခက်ခဲပါသည်။ ရွာတွင်းလမ်းမှာကွန်ကရစ်လမ်းဖြစ်ပါသည်။ အခြားကျေးရွာများသို့ သွားရောက်မည် ဆိုပါလျှင်ရေလမ်းဖြင့် သွားလာနိုင်ပါသည်။ နာမကျန်း ဖြစ်ပါက ဆေးပေးခန်းမရှိခြင်းကြောင့် ဆေးများအားကြိုတင်ဝယ်ယူကြရပါသည်။ ကရသူရိမြို့နယ်တွင် သွားရောက်ပြသပြီး မသက်သာပါက ဘုတ်ပြင်းမြို့သို့ သွားရောက်ကာ ကုသကြပါသည်။ အခြေနေ ဆိုးရွားပါကမြိတ်မြို့သို့ သွားရောက်ကုသရပါသည်။



အရင်းမြစ်ပြမြေပုံ

၄။ စီမံကိန်းဇယားများ

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ် အောက်	နို့စို့အရွယ်	၁၇	၁၄	၃၁	၁.၅
၁နှစ်မှ၄နှစ်အထိ	၅နှစ်အောက်ကလေးငယ်	၇၄	၆၆	၁၄၀	၆.၈
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၁၂၃	၁၂၃	၂၄၆	၁၁.၉
၁၀ နှစ်မှ ၁၄နှစ် အထိ	အလယ်တန်းကျောင်းသား အရွယ်	၁၅၄	၁၅၃	၃၀၇	၁၄.၈
၁၅ နှစ်မှ ၆၄နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၆၈၀	၆၀၂	၁၂၈၂	၆၁.၉
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၃၄	၃၁	၆၅	၃.၁
စုစုပေါင်း လူဦးရေ = ၂၀၇၁		**၁၀၈၂**	**၉၈၉**	**၂၀၇၁**	**၁၀၀**
စုစုပေါင်း အိမ်ထောင်စု - ၃၇၂		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၅ ဦး**			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာသည် ပင်လယ်ကျွန်းရွာ ဖြစ်သောကြောင့် ရေလုပ်ငန်းကို လုပ်ကိုင်ကြပြီး ကျေးရွာတွင် ဗမာလူမျိုးများသာ နေထိုင်ကြပါသည်။ အိမ်ထောင်စု(၃၇၂)စုရှိပြီး အမျိုးသား စုစုပေါင်း(၁၀၈၂)ဦးနှင့် အမျိုးသမီး(၉၈၉)ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ် အမျိုးသား(၆၈၀)ဦးနှင့် အမျိုးသမီး(၆၀၂)ဦးရှိပြီး စုစုပေါင်း ရာခိုင်နှုန်း(၆၁.၉%) ရှိပါသည်။ ထိုကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားပြီး ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးရှိပါသည်။ အမျိုးသမီး အများစုမှာ အိမ်တွင်းမှု လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ သို့သော်ကျေးရွာတွင်း လုပ်အားအရင်းအမြစ် ရှိသောကြောင့် အလုပ်အကိုင်နှင့် အခွင့်အလမ်းများ တိုးတက်လာလျှင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူပေး နိုင်ပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစု ဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင်လုပ်ငန်း	၃၀	၈.၁	၆၁	၁၈	လတ်(ကွမ်း၊ ရာဘာစိုက် ပျိုးခြင်း၊ တောခုတ်)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၂	**တရိစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				-	
၃	**ငါးဖမ်း လုပ်ငန်း**					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၁၈၁	၄၈.၇	၃၀၀	၁၀	လတ်(ပုဇွန်၊ ကဏန်း၊ ငါးဖမ်းခြင်း၊ ရာသီပေါ်)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၃	၂	-	လတ်(ရေပေးဝေရေး)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၄	၁.၁	၄	၄	နိမ့်(လက်သမား)
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၂	၀.၅	၂	၁	လတ်(ဝပ်ရှော့)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၉	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း	၅	၁.၃	၅	၂	လတ်(အပ်ချုပ်၊အလှပြင်)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၄၉	၁၃.၁	၆၇	၁၃	လတ်(ဈေးဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အရောင်းအဝယ်)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင်သူဦးရေ	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	၄	နိမ့်(ဘေးတွဲမောင်း)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁	၀.၃	၁	၆	နိမ့်(ကျောင်းဆရာ/မ)
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁	၀.၃	၁	-	နိမ့်(ဆေးကု)
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၉၃	၂၅.၀	၁၅၀	၅	နိမ့်(ကျပန်း)
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၂၁	အခြား	၅	၁.၃	-	-	နိမ့်(မှီခို)
	စုစုပေါင်း	**၃၇၂**	**၁၀၀**	**၅၉၃**	**၆၃**	

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် ရေလုပ်ငန်းများသာ လုပ်ကိုင်ကြသည်။ အလုပ်လုပ်နိုင်သော လူဦးရေစုစုပေါင်း (၁၂၈၂)ဦးဖြစ်ပြီး လက်ရှိ အလုပ်လုပ်နိုင်သော လူဦးရေ(၅၉၃)ဦးသာ ရှိပါသည်။ တွဲဖက်လုပ်ငန်း လုပ်ကိုင်သူ(၆၃)ဦးသာ ရှိသည်ကို တွေ့ရှိရပါသည်။ လက်ရှိအလုပ်မလုပ်သော လူများမှာ အမျိုးသမီး အများစုဖြစ်ပြီး အလုပ်လက်မဲ့များ ဖြစ်နေကြပါသည်။ ကျေးရွာတွင် ရေလုပ်ငန်းသာ အဓိက လုပ်ကိုင်ကြပြီး ကျေးရွာရှိ အိမ်ထောင်စု အားလုံး၏ (၄၈.၇%)ရှိသည်ကို တွေ့ရှိရပါသည်။ ရေလုပ်ငန်းအပေါ် ရပ်တည်နိုင်မှုသည် အလယ်အလတ် အဆင့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျပန်း လုပ်ကိုင်သူများမှာ အိမ်ထောင်စုများပြားသည်ကို တွေ့ရှိရပါသည်။ ဈေးဆိုင် ရောင်းချသူများ မှာလည်း ရပ်တည်နိုင်မှု အလယ်အလတ်တွင် ရှိပါသည်။ ဥယျာဉ်ခြံ၊ ရေလုပ်ငန်း၊ ပညာရေးဝန်ထမ်း၊ ဈေးဆိုင်၊ အပ်ချုပ်ဆိုင်၊ အလှပြင်ဆိုင်၊ ဝပ်ရှော့၊ လက်သမား၊ ဘေးတွဲမောင်းသမား စသော လုပ်ငန်းများ လုပ်ကိုင်ကြသည်ကိုလည်း တွေ့ရှိရပါသည်။ ထိုပြင် အိမ်ထောင်ထွက်ပြီး နိုင်ငံခြားတွင် သွားရောက်လုပ်ကိုင်နေသော သားသမီးများ၏ ထောက်ပံ့မှုဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော အိမ်ထောင်စု(၅)စု ရှိသည်ကို တွေ့ရှိရပါသည်။

(၁.၂.၂)လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	ဥယျာဉ်လုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၆၀၀၀	၄၀၀၀	တောခုတ်၊ပျိုးပင်အိတ်ထည့်
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-	တစ်နိုင်တစ်ပိုင်
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား	၈၀၀၀	-	၇၀၀၀	-	ငါးဖမ်းလှေ အငှားလိုက်
၄	သတ္တုတူးဖော်ရေး၊ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၂၀၀၀၀	-	၁၀၀၀၀	-	သဲ၊ ကျောက် ရောင်းချ
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	–	–	–	–	ကိုယ်ပိုင်
၆	ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	-	၈၀၀၀	-	လက်သမား
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-	ဝပ်ရှော့ ကိုယ်ပိုင်လုပ်ကိုင်
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-	တစ်နိုင်တစ်ပိုင်
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊	နေ့စား	-	-	-	-	အလှပြင်ဆိုင်၊ အပ်ချုပ်ဆိုင်၊ ကိုယ်ပိုင်လုပ်ကိုင်

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
	အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)						
၁၀	ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် ရေလုပ်ငန်းကိုသာ အဓိကလုပ်ကိုင် ကြပြီး ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ ဥယျာဉ်ခြံလုပ်ငန်းတွင် နေ့စားလုပ်အားခ ရရှိနှုန်းသည် ယောကျ်ားတစ်ဦး၏တစ်နေ့တာ လုပ်အားခအများဆုံး (၇၀၀၀)ကျပ်၊ အနည်းဆုံး (၆၀၀၀)ကျပ် ထိရရှိကာ အမျိုးသမီးလုပ်အားခ တစ်နေ့အများဆုံး (၅၀၀၀)ကျပ်၊ အနည်းဆုံး(၄၀၀၀)ကျပ်ရရှိသဖြင့် ကျားမလုပ်အားခ ကွာဟမှုရှိသည်ကိုတွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးများသည် ဥယျာဉ်ခြံလုပ်ငန်းများ လုပ်ကိုင်ရာတွင် လုပ်ငန်းကျွမ်းကျင်မှု မရှိခြင်း၊ အမျိုးသားများနှင့် တန်းတူအလုပ်လုပ်နိုင်သည့် အင်အားမရှိခြင်းတို့ကြောင့် လုပ်ခနည်း၍ရရှိသည်ကို တွေ့ရှိရသည်။ သို့သော် သစ်ပင်များ ပျိုးပင်အိတ်သည့် လုပ်ငန်းတွင် အမျိုးသမီးများလုပ်ငန်း လုပ်ကိုင်ကြပြီး အမျိုးသားများမှာ တောခုတ်ခြင်း လုပ်ငန်းများ လုပ်ကိုင်သည်ကို တွေ့ရှိရသည်။ ရေလုပ်ငန်း အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်သောကြောင့် ငါးဖမ်းခြင်း လုပ်ငန်းများလုပ်ကိုင်ရာတွင် အမျိုးသားများသာ လုပ်ကိုင်ကြပြီး အငှားလိုက်သူများလည်း ရှိပါသည်။ သဲကျောက်များ ရောင်းချသူ အနည်းငယ်ရှိပြီး တစ်နေ့လုပ်အားမှာ အများဆုံး(၂၀၀၀၀)ကျပ်နှင့် အနည်းဆုံး(၁၀၀၀၀)ကျပ်ထိ ရရှိပါသည်။ အိမ်များ၊ အဆောက်အဦများ ဆောက်လုပ်ရာတွင် အမျိုးသားများသာ လုပ်ဆောင်ကြပြီး တစ်နေ့လုပ်အားမှာ အများဆုံး (၁၀၀၀၀)ကျပ်နှင့် အနည်းဆုံးမှာ (၈၀၀၀)ကျပ် ရရှိပါသည်။ အင်ဂျင်စက်များ ပြုပြင်ခြင်း၊ စက်ချုပ်ခြင်း၊ လက်လီလက်ကား ရောင်းချခြင်း လုပ်ငန်းများ စီးပွားဖြစ် ကိုယ်ပိုင်လုပ်ကိုင်သူများလည်း ရှိပါသည်။ မွေးမြူရေး လုပ်ငန်းကို စီးပွားဖြစ် မဟုတ်ပဲ စားသောက်ရန် တနိုင်တပိုင် မွေးမြူကြပါသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့)	ရေအရင်းအမြစ်
လယ်မြေ	-	-	-
ယာမြေ	-	-	-

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့)	ရေအရင်းအမြစ်
တောင်ယာမြေ	-	-	-
ဥယျာဉ်ခြံမြေ	၉၁၈.၅	ကောင်း	တွင်းရေ၊ အဝီစိတွင်းရေ
ကိုင်း/ကျွန်းမြေ	-	-	-
ဓနိတောမြေ	၂၁	ကောင်း	မိုးရေ
စားကျက်မြေ	-	-	-
ပလပ်မြေ	-	-	-
စုစုပေါင်း	**၉၃၉.၅**	-	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။
မှတ်ချက်။ ။ရေအရင်းအမြစ်-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် ရေလုပ်ငန်းကို အဓိက လုပ်ကိုင်ကြသော်လည်း အချို့ အိမ်ထောင်စု အနည်းစုမှာ ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင်ကြပါသည်။ ကျန်အိမ်ထောင်စုများမှာ ဥယျာဉ်ခြံလုပ်ငန်းများကို စိတ်ဝင်စားမှု မရှိခြင်း၊ ငွေကြေး အရင်းအနှီး မရှိခြင်းတို့ကြောင့် ဥယျာဉ်ခြံလုပ်ငန်းကို မလုပ်ကိုင်နိုင်ကြပေ။ ဥယျာဉ်ခြံလုပ်ငန်းရှိသော အိမ်ထောင်စုများမှာ စိုက်ပျိုးရေးကို တွင်းရေနှင့် အဝီစိတွင်းရေများမှ သုံးစွဲကြပြီး ဥယျာဉ်ခြံလုပ်ငန်းများ စတင်လုပ်ကိုင်သောကြောင့် မြေဆီသြဇာ ကောင်းမွန်ပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးချနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ဟိုက်ဒရိုကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	-
ဓာတ်သတ္တု ရင်းမြစ် (ကျောက်မျက်၊ သတ္တု၊ ဂရမ်းနိုက်၊ ကျောက်မီးသွေး၊ ကျောက်၊ သဲ၊ ကျောက်စရစ်)	များ	လွယ်
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	နည်း	ခက်
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	လွယ်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် သဘာဝရေနံဓာတ်ငွေ့များ ထွက်ရှိခြင်း မရှိခြင်းပါ။ ကျွန်း၏ ဘေးပတ်လည်ကျွန်းများတွင် ဓာတ်သတ္တုအရင်းအမြစ်များ ရရှိမှုတွင်လည်း ကျောက်နှင့် သဲ

အများဆုံးထွက်ရှိပြီး အသုံးပြုရန်အတွက် အလွယ်တကူဖြင့် လုံလောက်စွာရရှိနိုင်သည်။ သဘာဝ တရိစ္ဆာန်မျိုးစိတ်များတွင် ဆတ်၊ မျောက်၊ တောဝက်၊ ဂျီလောင်နှင့် အခြား သဘာဝတရိစ္ဆာန်များ ရှိသော်လည်း ၄င်းတို့ကိုအသုံးပြုမည် ဆိုပါက ခက်ခဲပါသည်။ သဘာဝ အပင်မျိုးစိတ်များနှင့် ဆေးဖက်ဝင် အပင်များ ဖြစ်သည့် ကန်းဇော်ပင်များရှိသဖြင့် ဘယ်လိုသုံးစွဲရမည်ကို ကျေးရွာလူထုများ နားလည် သဘောပေါက်ကြပါသည်။

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	(၅၀)ဧက	(၁၀)ဧက	(၅)ဧက	မရှိ
အိမ်အခြေအနေ	တိုက်အိမ်၊ ပျဉ်ထောင်အိမ်	ပျဉ်ထောင်အိမ်	ခနိမိုး၊ သစ်ကာအိမ်	အိမ်ငှား
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	လှေ၊ စက်၊ ပိုက်၊ မြက်ခုတ်စက်၊ ဈေးရောင်း	လှေ၊ စက်၊ ပိုက်၊ မြက်ခုတ်စက်၊ ဈေးရောင်း	မရှိ	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	ရေလုပ်ငန်း၊ ဥယျာဉ်ခြံ	ရေလုပ်ငန်း၊ ဥယျာဉ်ခြံ	ကျပန်း	ကျပန်း
အခြားပိုင်ဆိုင်မှု	ဆိုင်ကယ်၊ ဖုန်း၊ အင်ဂျင်စက်၊ တီဗွီ၊စလောင်း	ဆိုင်ကယ်၊ ဖုန်း	မရှိ	မရှိ
အိမ်ထောင်စု - ၃၇၂	၂၄(၆.၄၅%)	၅၇(၁၅.၃၃%)	၁၃၂(၃၅.၄၈%)	၁၅၉(၄၂.၇၄%)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုများမှာ (၂၄)စုရှိပြီး အလယ်အလတ် အိမ်ထောင်စုများမှာ (၅၇)စုရှိပါသည်။ ထိုအိမ်ထောင်စုများမှာ တိုက်အိမ်နှင့် ပျဉ်ထောင် အိမ်များဖြင့် နေထိုင်ကြပြီး ရေလုပ်ငန်း၊ ဈေးဆိုင်ရောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အခြားပိုင်ဆိုင်မှုများမှာ မြေရာများ၊ ဆိုင်ကယ်၊ အင်ဂျင်စက်၊ ဖုန်း၊ တီဗွီ၊ စလောင်းများ ပိုင်ဆိုင်ကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုများမှာ (၁၃၂)စုရှိပြီး အလွန်ဆင်းရဲသော အိမ်ထောင်စု (၁၅၉)စုရှိပါသည်။ ထိုအိမ်ထောင်စုများမှာ ပိုင်ဆိုင်မှု မရှိသောကြောင့် စားဝတ်နေရေး အခက်အခဲရှိသည်ကို တွေ့ရှိရပါသည်။ ဆင်းရဲသော အိမ်ထောင်စုများအတွက် အသက်မွေးဝမ်းကျောင်းကို အထောက်အကူပြုသော သင်တန်းများ ပို့ချပါက အကျိုးရှိပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့် နည်းဗျူဟာ
၃ လအောက်	-	-	-
၃ လနှင့် ၆ လကြား	၁၅	၃၁.၉	လုပ်ငန်းရှင်ထံတွင်ငွေများကို ထုတ်ယူပြီး အတိုးမဲ့ ပြန်ဆပ်ခြင်း၊ လုပ်အားပေးခြင်း
၆ လ မှ ၁၂ လ အထိ	၃၂	၆၈.၁	လုပ်ငန်းရှင်ထံတွင်ငွေများကို ထုတ်ယူပြီး အတိုးမဲ့ ပြန်ဆပ်ခြင်း၊ လုပ်အားပေးခြင်း

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် ဝမ်းစာဖူလုံရေးအတွက် ဆင်းရဲသော အိမ်ထောင်စု (၄၇)အိမ်ရှိပြီး လုပ်ငန်းရှင်များထံမှ ငွေထုတ်ခြင်းဖြင့် စားဝတ်နေရေးကို ဖြေရှင်းကြပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ ကျပန်းအလုပ်သာ လုပ်ကိုင်ကြရသောကြောင့် ချေးငွေများကို လုပ်အားဖြင့်သာ ပြန်ဆပ်ကြရသည်။ မိသားစု စားဝတ်နေရေးအတွက် ခက်ခဲမရှိသော်လည်း ငွေကြေးပိုလျှံမှု မရှိသောကြောင့် အကြောင်းတစ်စုံတစ်ရာကြောင့် ပြဿနာများ ဖြစ်ပွားပါက လုပ်ငန်းရှင်ထံမှ ငွေများ ထုတ်ယူရပါသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းနှင့် သက်ဆိုင်သော သင်တန်းများ ပို့ချပါက ကျေးရွာအတွက် အထောက်အကူပြုနိုင်ပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၅ နှစ်နှင့်အထက်	၁၀	၁၀	၂၀
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၀		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၅		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၄၇		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် အသက်(၆၅)နှစ်အထက်တွင် စောင့်ရှောက်မှု လိုအပ်သော သက်ကြီးရွယ်အိုများ၊ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု၊ မုဆိုးဖို တစ်ခုလတ် အိမ်ထောင်စု၊ အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင် လုပ်ကိုင်သည့် ဆင်းရဲသော အိမ်ထောင်စုများရှိသည်ကို တွေ့ရှိရသည်။ ထိုင်းနှင့် မလေးရှားနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ကြသော အိမ်ထောင်စုများမှာ ကျေးရွာရှိအိမ်ထောင်စု၏ ငါးပုံတစ်ပုံလောက် ရှိပါသည်။ သင်္ကြန်နှင့် သီတင်းကျွတ်တို့တွင် အလည်လာရောက်ကြပါသည်။ ကျေးရွာရှိ မိသားစုများနှင့် ဖုန်းအဆက်အသွယ်ရှိပြီး ငွေပို့ပါက ဟွန်ဒီဖြင့် ပို့ပေးပါသည်။ မိသားစု စောင့်ရှောက်မှုမရှိသော အိမ်ထောင်စုများကို ကျေးရွာမှ ပေးကမ်းကြပြီး အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများမှာ အခလုပ်ကိုင်ခြင်းနှင့် ခေါင်းရွက်ဗျက်ထိုး ဈေးရောင်းချခြင်းများ လုပ်ကိုင်ကြပြီး မုဆိုးဖို အိမ်ထောင်စုများမှာ အခြားအိမ်များတွင် အခလုပ်ကိုင်ခြင်းများ လုပ်ကိုင်ကြပါသည်။ ထိုအိမ်ထောင်စုများမှာ စားဝတ်နေရေး အခက်အခဲရှိပါသည်

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	မရှိ	ဥယျာဉ်ခြံလုပ်ငန်းနှင့် ရေလုပ်ငန်း လုပ်ကိုင်ကြပြီး ပုံမှန်ဝင်ငွေရသော ကြောင့် ဂမ်းစာဖူလုံကြသည်။
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မရှိ	စိုက်ပျိုးမြေချဲ့ထွင်ရန်ရှိပြီးစိုက်ပျိုးရေ အတွက် တွင်းရေနှင့် အဝီစိရေကို သုံးစွဲကြပါသည်။
၃	ရေကြီးခြင်း	နိမ့်	ပင်လယ်ကျွန်းရွာ ဖြစ်သောကြောင့်
၄	မိုးခေါင်ခြင်း	မရှိ	မိုးများသောဒေသဖြစ်သောကြောင့်
၅	အအေးလွန်ကဲခြင်း	မရှိ	ပူအိုက်စိုစွတ်သောဒေသဖြစ်သော ကြောင့်
၆	မုန်တိုင်း	မရှိ	၁၃၅၀တွင် တစ်ခါကြုံဖူးပါသည်။
၇	ငလျင်	မရှိ	မကြုံဖူး
၈	မီးဘေး	မရှိ	မကြုံဖူး
၉	ဆားငန်ရေဝင်မြေ	မရှိ	မကြုံဖူး
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	နိမ့်	ပင်လယ်ကျွန်းရွာတွင် အိမ်များကို တောင်ခြေတွင် ဆောက်လုပ်ထားသဖြင့် မြေပြိုနိုင်ပါသည်။
၁၁	သစ်တောပြုန်းတီးခြင်း	လတ်	သစ်ပင်များကိုခုတ်လှဲပြီး ဥယျာဉ်များ စိုက်ပျိုးကြခြင်းကြောင့်
၁၂	ငှက်ဖျားရောဂါ	လတ်	သွေးလွန်တုပ်ကွေးဖြစ်တတ်သော ကြောင့်ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့မှ ဝန်ဆောင်မှုများပေးပါသည်။
၁၃	တီဘီရောဂါ	နိမ့်	တီဘီရောဂါကြောင့် အမျိုးသမီးနှစ်ဦး သေဆုံးဖူးပါသည်။
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ	မကြုံဖူး
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ	မကြုံဖူး
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မရှိ	မကြုံဖူး

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၇	လူကုန်ကူးခြင်း	မရှိ	မကြုံဖူး
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည်	မြင့်	ပင်လယ်ရွာဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိပါသည်။
၁၉	အခြား	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် ရေလုပ်ငန်းများကို အဓိကလုပ်ကိုင်သူများ ဖြစ်ပြီး အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသော်လည်း အမျိုးသားများအလုပ်အကိုင် ပေါများသောကြောင့် စားနပ်ရိက္ခာ ဖူလုံမှုရှိကြသည်။ ဥယျာဉ်ခြံလုပ်ငန်းများ လုပ်ကိုင်လိုပါက စိုက်ပျိုးမြေများ တိုးချဲ့ရန် မြေနေရာများရှိပါသည်။ ဥယျာဉ်ခြံ မြေဆီလွှာ ကောင်းမွန်မှုရှိပြီး စိုက်ပျိုးရေအတွက် တွင်းရေနှင့် အဝီစိရေကိုသာ အသုံးပြု၍ တစ်နှစ်ပတ်လုံး လုံလောက်စွာ သုံးစွဲနိုင်ပါသည်။ သစ်တောပြုန်းတီးမှုများ ရှိသော်လည်း ဥယျာဉ်ခြံများတွင် နှစ်ရှည်သစ်ပင်များ ပြန်လည်ဖြည့်တင်းကာ စိုက်ပျိုးခြင်းများဖြင့် သစ်တောပြုန်းတီးမှုကို အနည်းငယ် ကာကွယ်နိုင်ကြသည်။ ပင်လယ်ရွာ ဖြစ်သောကြောင့် တောင်ခြေတွင် နေအိမ်များ ဆောက်လုပ်ထားသောကြောင့် မတော်တဆ အန္တရာယ်များ ရှိပါသည်။ ၂၀၁၆ခုနှစ်က ခြင်ကိုက်ခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်သောကြောင့် ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့မှ ကာကွယ်ရန် ဝန်ဆောင်မှုများ ပေးပါသည်။ ကျေးရွာတွင် တီဘီရောဂါကြောင့် သေဆုံးသူ အမျိုးသမီးနှစ်ဦး ရှိပါသည်။ အခြားရောဂါများ ဖြစ်ပွားမှုမရှိပါ။ ပင်လယ်ရွာဖြစ်သောကြောင့် မိုးရာသီတွင် ကျေးရွာသူရွာသားများ အနေဖြင့် အန္တရာယ်များသည်ကို တွေ့ရှိရပါသည်။ ပင်လယ် ရေတက်ချိန်တွင်သာ သွားလာရသောကြောင့် အချိန်ကြန့်ကြာမှု ရှိပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	လတ်	မူးယစ်ဆေးဝါးသုံးစွဲသူများပြားသည်
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မရှိ	ခွဲခြားဆက်ဆံခြင်းမရှိပါ။
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မရှိ	ဥယျာဉ်ခြံလုပ်ငန်းကို စိတ်ဝင်စားမှုမရှိပါ။
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ	မရှိ	တော၊ တောင် ၊ ရေ၊ မြေသဘာဝ ကောင်းမွန်သဖြင့်ရာသီဥတု ကောင်းပါသည်။
၅	မြစ်ကမ်းဘေး နေထိုင်သူများ	နိမ့်	ပင်လယ်ကမ်းဘေးတွင်နေထိုင်ကြပါသည်။
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	လတ်	တောင်မြေကြောင့် အိမ်နှင့် လမ်းများ ထိခိုက်နိုင်ပါသည်။
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP)	မရှိ	-
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့်	တောင်ခြေတွင် နေထိုင်သောကြောင့် ပင်လယ်ရေ ရောက်ရှိပါသည်။

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်)	မှတ်ချက်
၉	ငါးကန်ပိုင်ရှင်	မရှိ	-
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	နိမ့်	ခွဲခြားဆက်ဆံခြင်းမရှိပါ။
၁၁	လူနည်းစုလူမျိုးများ	မရှိ	ဗမာများသာ နေထိုင်ကြပါသည်။
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မရှိ	-
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မရှိ	-
၁၄	ရွှေတွင်းလုပ်သား	မရှိ	-
၁၅	ဆေးစွဲသူများ	နိမ့်	မူးယစ်ဆေးဝါးသုံးစွဲကြပါသည်။
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	မရှိ	-
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မရှိ	-
၁၈	နေရပ်ပြန် အခြေချသူများ	နိမ့်	အိမ်ထောင်စု နှစ်စုရှိပါသည်။
၁၉	ရွှေပြောင်းလုပ်သားများ	လတ်	နိုင်ငံခြားတွင်သွားရောက်လုပ်ကိုင်သည်။
၂၀	ကားသမား	မရှိ	-
၂၁	အခြား	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် ဆင်းရဲ၍ အမျိုးသမီးများ ဦးဆောင်သော အိမ်ထောင်စုများ ရှိသော်လည်း မိသားစုဝင်များမှ ကြုံရာကျပန်းလုပ်ကိုင်ပြီး စားဝတ်နေရေး အဆင်ပြေနေသောကြောင့် ခွဲခြားဆက်ဆံမှု မရှိသောကြောင့် ထိခိုက်မှုနည်းကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ထိုအိမ်ထောင်စုများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာမည်ဆိုလျှင် ပို၍အဆင်ပြေနိုင်ပါသည်။ ကမ်းတောကျေးရွာတွင် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်သူ များပြားသောကြောင့် မူးယစ်ဆေးဝါး သုံးစွဲသူများရှိသော်လည်း ထိခိုက်မှုများ မရှိပါ။ ကျေးရွာတွင် ဗမာလူမျိုးများသာ နေထိုင်ကြသဖြင့် လူမျိုးခြားများ မရှိပါ။ ပင်လယ်ကျွန်းရွာတွင် နေထိုင်သောကြောင့် နေအိမ်များကို တောင်ခြေတွင် ဆောက်လုပ်ထားသဖြင့် ကျေးရွာတွင်းလမ်းနှင့် အိမ်များ ထိခိုက်မှုရှိပါသည်။ တောင်ခြေတွင် နေထိုင်သဖြင့် ပင်လယ်ကမ်းဘေးနှင့် မြေနိမ့်ပိုင်းဖြစ်သောကြောင့် ပင်လယ်ရေများ ရောက်ရှိပါသည်။ ရာသီဥတု ကောင်းမွန်သောကြောင့် ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိပါ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်မှု (ကောင်း/သင့်/ညံ့)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး	၂	၃၀	-	၃၀	ကျေးရွာအုပ်ချုပ်ရေး	ကောင်း

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်မှု (ကောင်း/သင့်/ညံ့)
			ကျား	မ	ပေါင်း		
၂	အရန်မီးသတ်	၂	၂၂	-	၂၂	မီးဘေးအန္တရယ်	ကောင်း
၃	ပြည်သူ့စစ်	၂	၆၀	-	၆၀	ကျေးရွာလုံခြုံရေး	ကောင်း
၄	မာဂလုလင်	၂	၅၀	-	၅၀	ပရဟိတလုပ်ငန်း	ကောင်း
၅	နာရေးကူညီမှု	၂	၃၀	-	၃၀	သာရေးနာရေး	ကောင်း
၆	ဂေါပကအဖွဲ့	၃	၇	-	၇	ဘုန်းကျောင်းဝေယျာဝစ္စ	ကောင်း
၇	ကာလသား၊ ကာလသမီး	၃	၅၀	၄၀	၉၀	ဘုန်းကျောင်းဝေယျာဝစ္စ	ကောင်း
၈	ကျောင်းကော်မတီ	၂	၁၂	၅	၁၇	စာသင်ကျောင်းလိုအပ်ချက်	ကောင်း
၉	မိဘဆရာအသင်း	၂	၁၀	၅	၁၅	စာသင်ကျောင်းလိုအပ်ချက်	ကောင်း
၁၀	အိမ်ထောင်ငယ်	၂	၂၅	၁၅	၄၀	သာရေးနာရေး	ကောင်း
၁၁	မိန်းမကြီးအဖွဲ့	၂	-	၂၂	၂၂	ချက်ရေးပြုတ်ရေး	ကောင်း
၁၂	ဓမ္မစကူးလ်အဖွဲ့	၃	၆၅	၇၆	၁၄၁	ကျောင်းသားကျွေးမွေး	ကောင်း
၁၃	ငွေစုငွေချေး	၁	၅	၅	၁၀	ငွေတိုးချေး	ကောင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၄) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၅) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၆) ညံ့ (အားနည်း) - ကြံုသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် ကျေးရွာတွင်း အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေး၊ အရန်မီးသတ်၊ ပြည်သူ့စစ်၊ မာဂလုလင်၊ နာရေးကူညီမှု၊ ဂေါပက၊ ကာလသား/သမီး၊ ကျောင်းကော်မတီ၊

မိဘဆရာအသင်း၊ အိမ်ထောင်ငယ်၊ မိန်းမကြီး၊ ခမ္မစကူးလ်နှင့် ငွေစုငွေချေး အဖွဲ့များစွာရှိပါသည်။ ၄င်းအဖွဲ့အစည်းများတွင် ကျေးရွာသူရွာသားများသည် စည်းရုံး ညီညွတ်စွာပါဝင်ကြပြီး အဖွဲ့အစည်းအသီးသီး၏ လုပ်ငန်း တာဝန်များကိုလည်း တက်ညီလက်ညီနှင့် လုပ်ကိုင်ကြပါသည်။ အဖွဲ့လိုက်၏ လုပ်ဆောင်ချက်စွမ်းဆောင်ရည် များမှာလည်း ကောင်းမွန်မှုရှိသည်ကို တွေ့ရှိရပါသည်။ ထိုအဖွဲ့အစည်းများရှိသောကြောင့် ကျေးရွာ၏ အုပ်ချုပ်ရေး၊ သာရေးနာရေး၊ ဘာသာရေး၊ လုံခြုံရေး၊ ချက်ရေးပြုတ်ရေး၊ ပရဟိတလုပ်ငန်းများ၊ စာသင်ကျောင်းလိုအပ်ချက်များ၊ ဘုန်းကြီးကျောင်း ဝေယျဝစ္စများနှင့် ကျေးရွာလူထုများအား အတိုးဖြင့် ငွေထုတ်ချေးခြင်း စသောကိစ္စများအတွက် ဆောင်ရွက်မှုများ ရှိသည်ကို တွေ့ရှိရပါသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	ERLIP	၄	ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်တင်ရေး (၂၀၁၅-၂၀၁၆)
၂	၄ွက်ဖျားတိုက်ဖျက်ရေး အဖွဲ့	၂	၄ွက်ဖျားရောဂါ ပပျောက်ရေး

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပမှ ရောက်ရှိလာသော အဖွဲ့အစည်းများအဖြစ် ERLIPနှင့် ၄ွက်ဖျားတိုက်ဖျက်ရေးအဖွဲ့ များသာရှိသည်။ ၄ွက်ဖျားတိုက်ဖျက်ရေးအဖွဲ့မှ ၄ွက်ဖျားရောဂါ ကာကွယ်ဆေးပေးခြင်းနှင့် ခြင်ထောင်များ ပေးဝေခြင်း လုပ်ငန်းများအား လုပ်ဆောင်ကြသည်။ ERLIP အဖွဲ့အစည်းမှ ကျေးရွာဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်များအား အကောင်အထည် ဖော်ဆောင်ရွက်ပေးခြင်းနှင့် ကျေးရွာ၏ ဆင်းရဲသား လူတန်းစားများအား အဓိကဦးတည်၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ပေးပါသည်။

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၉၅	၇၉.၃	မြေယာမဲ့
၂	၂.၅ ဧကအောက်	၉	၂.၄	ဆင်းရဲသားတောင်သူ

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အိမ်ထောင်စု %	ဖွဲ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၃	၂.၅ ဧကမှ ၅ ဧက ထိ	၂၈	၇.၅	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက အောက်	၂၀	၅.၄	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ ဧက အထက်	၂၀	၅.၄	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၃၇၂**	**၁၀၀**	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကမ်းတောကျေးရွာတွင် စိုက်ပျိုးမြေ(၁၂.၅)ဧကအထက် ပိုင်ဆိုင်သော အိမ်ထောင်စုများကို တောင်သူကြီးဟု သတ်မှတ်ပြီး၊ စိုက်ပျိုးမြေ(၅-၁၂.၅)ဧကအောက် ပိုင်ဆိုင်ပါက အလယ်အလတ် တောင်သူဟု သတ်မှတ်ပြီး၊ စိုက်ပျိုးမြေ(၂.၅-၅)ဧကအထိ ပိုင်ဆိုင်ပါက တောင်သူငယ်ဟု သတ်မှတ်ပြီး၊ စိုက်ပျိုးမြေ(၂.၅)ဧကအောက် ပိုင်ဆိုင်ပါက ဆင်းရဲသားတောင်သူဟု သတ်မှတ်ပြီး၊ မြေယာမဲ့အိမ်ထောင်စုများသဖြင့်လက်လုပ်လက်စားကျပန်း အလုပ်သမားများနှင့်ရေလုပ်ငန်းများ လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။ ကျေးရွာရှိ အိမ်ထောင်စု(၃၇၂)စုမှ မြေယာမဲ့အိမ်ထောင်စု(၂၉၅)စု ရှိသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ကျေးရွာတွင်စိုက်ပျိုးမြေ အသင့်အတင့်ရှိသလို သီးနှံထုတ်လုပ်မှု အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ဥယျာဉ်ခြံလုပ်ငန်းများကို သက်ကြီးသော အိမ်ထောင်စုများသာ လုပ်ကိုင်ကြပါသည်။

(၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်ဧက	ရရှိနိုင်မှု	
			တန်စပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်	-	-	-
၂	ရေလွှဲဆည်	-	-	-
၃	မြစ်ရေတင်စီမံကိန်း	-	-	-
၄	ရေသွင်းမြောင်း	-	-	-
၅	အဝီစိတွင်း	(၁၅၀)	တန်စပတ်လုံး	ရှိ
၆	လက်ဝင် ရေတွင်း	(၂၅၀)	တန်စပတ်လုံး	ရှိ
၇	စိမ့်စမ်းရေ	-	-	-
၈	ချောင်းရေ	-	-	-
၉	အခြား	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် ရေအရင်းအမြစ်အနေဖြင့် တွင်းရေနှင့် အဝီစိရေများကို တစ်နှစ်ပတ်လုံး သုံးစွဲရရှိနိုင်ပြီး ဥယျာဉ်ခြံများတွင် ရေသွင်းသော ဧကမှာ(၄၀၀)ခန့် ရေသွင်းနိုင်ရန်အတွက် ဥယျာဉ်ခြံများတွင် ကိုယ်ပိုင်လက်တူးတွင်းများ ရှိကြောင်း တွေ့ရှိရပါသည်။ ၄င်းကျေးရွာရှိ ဥယျာဉ်ခြံ အများစုမှာ စိုက်ပျိုးရေအတွက် မိုးရေကိုသာ အဓိက အသုံးပြုကြသည်။ ကျေးရွာတွင် တွင်းရေနှင့် အဝီစိရေ အလုံအလောက်ရှိသည်ကို တွေ့ရှိရသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကာ အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (နည်း/လတ်/များ)	အမြတ်ရရှိနိုင်မှု (နည်း/လတ်/များ)	မှတ်ချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ကွမ်းသီး	၄၀၀	ပိဿာ	၁၅၀	၃၀၀	၂၀၀	၆လ	၉လ	လတ်	များ	
ရာဘာ	၁၀၀	ပိဿာ	၃၀	၅၀	၄၀	၆လ	၇လ	များ	များ	
သီဟို	၁၀၀	ပိဿာ	၃၀	၅၀	၄၀	၆လ	၉လ	လတ်	လတ်	
အုန်း	၅၀	လုံး	၃၀၀	၅၀၀	၄၀၀	၆လ	၉လ	နည်း	များ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် ကွမ်းသီးကို ဥယျာဉ်ခြံစိုက်ပျိုးမြေအများစုတွင် အဓိက စိုက်ပျိုးပြီး အခြားသီးနှံများဖြစ်သော အုန်း၊ သီဟို၊ ရာဘာစသော သီးနှံများကိုလည်း စီးပွားဖြစ် ရောင်းချကြသည်ကို တွေ့ရှိရသည်။ ကွမ်းပင်စိုက်ပျိုးရာတွင် သွင်းအားစု အလယ်အလတ်ရှိသော်လည်း အမြတ်ရရှိမှုများပါသည်။ ဈေးကွက်ကောင်းမွန်သော မြို့တွင် သွားရောက်တင်ပို့ ရောင်းချကြပါသည်။ ရာဘာစိုက်ပျိုးခြင်းသည် နှစ်ကာလကြာလာသည်နှင့်အမျှ အမြတ်ရှိနိုင်မှုနှုန်း များလာသည်ကို တွေ့ရှိရသည်။ အုန်းသီးကို ကျေးရွာတွင် တစ်လုံး(၄၀၀)ကျပ်ဖြင့် ရောင်းချမှုများ ရှိပါသည်။ ကွမ်းသီးနှင့် သီဟိုဥစ္စာများကို ကျေးရွာတွင် ဝယ်သော အဝယ်ဒိုင်များရှိသော်လည်း မြိတ်မြို့သို့ တင်ပို့ ရောင်းချကြပါသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ဌားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်	မှတ်ချက်/ အခြေအနေ
ထွန်စက်		-	-
လက်တွန်းထွန်စက်	-	-	-
အစေ့ချ ကိရိယာ	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-
ရိတ်သိမ်းစက်	-	-	-
ခြွေလှေ့စက်	-	-	-
ရေစုပ်စက်	၅	-	သီးနှံများကို ရေသွင်းစိုက်ပျိုးခြင်း
ခြေနင်းရေတင်စက်	-	-	-
မြက်ရိတ်စက်	၁၇	-	မြေနေရာရှင်းလင်းခြင်း
အခြား	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် ဥယျာဉ်လုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စုများမှာ လုပ်ငန်းသုံးပစ္စည်းများအဖြစ် မြက်ရိတ်စက်များကို အသုံးပြုကြပြီး အချို့မှာ ဓားသုံး၍ လုပ်အားဖြင့် လုပ်ကိုင်ကြသူများလည်း ရှိပါသည်။ မြက်ရိတ်စက်များကို ထိုင်းတွင် ဈေးနှုန်းချိုသာသောကြောင့် ဝယ်ယူသုံးစွဲကြပါသည်။ ဥယျာဉ်ခြံတွင် ရေသွင်းရန် တွင်းမှ ရေများကို ရေစုပ်စက်ဖြင့် စုပ်ယူသဖြင့် ရေစုပ်သုံးစွဲသော အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ဥယျာဉ်ခြံလုပ်ငန်းကို စိတ်ဝင်စားသူ မရှိသော်လည်း လုပ်ကိုင်သူ အနည်းငယ်သာ ရှိပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ငြေဆီသြဇာ)	စိုက်ပျိုးမြေများတိုးချဲ့ပါက တောရိုင်းများကို မြေနေရာရှင်းလင်း၍ သစ်ပင်များ စိုက်ပြီးမှ မြေတိုင်းစာရေးကိုခေါ်၍ တစ်ဧက(၃၀၀၀)ကျပ်ဖြင့် တိုင်းတာမှုရှိပါသည်။
ရေရင်းမြစ်	ဥယျာဉ်ခြံများတွင် လက်တူးတွင်းများနှင့် အဝီစိတွင်းရေများရှိပါသည်။
သွင်းအားစုဈေးကွက်	မြက်သတ်ဆေး၊ မြေသြဇာ၊ မျိုးကောင်းမျိုးသန့်များကို အနီးအနားတွင် ဈေးနှုန်းချိုသာစွာ ရရှိနိုင်ပါသည်။
ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု	မြိတ်မြို့တွင် ဈေးကွက်ကောင်းမွန်သောကြောင့် ကုန်တင်လှေများဖြင့် သွားရောက်ရောင်းချကြပါသည်။
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	ချေးငွေအနေဖြင့် ကျေးရွာမှ လစဉ်ထည့်ဝင်ထားသော ငွေကြေးများကို ကျေးရွာလူထုအား အတိုးဖြင့် ပြန်လည်ချေးငွေများ ထုတ်ချေးပါသည်။
နည်းပညာအုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	နည်းပညာသင်တန်း ပေးခြင်းမရှိ/ကျေးရွာလူထု တစ်ဦးတစ်ယောက်မှ မြို့ပေါ်သို့သွား၍ စိုက်ပျိုးရေးနည်းပညာများကို လေ့လာပြီး ကျေးရွာတွင် အချင်းချင်း နည်းပညာများ ဖလှယ်ပြီး စိုက်ပျိုးကြသည်။

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရ ဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် မြေလွတ်မြေရိုင်းများစွာ ရှိသောကြောင့် ကျေးရွာမှာဥယျာဉ်ခြံ လုပ်ငန်းများ လုပ်ကိုင်လိုပါက တောများကို ရှင်းလင်း၍ သစ်ပင်များစိုက်ပျိုးပြီး မြေတိုင်းစာရေးကို ခေါ်ယူတိုင်းတာရပါသည်။ စိုက်ပျိုးရေအတွက် တွင်းရေနှင့် အဝီစိတွင်းရေကို အဓိကအသုံးပြု၍ စိုက်ပျိုးကြပြီး တစ်နှစ်ပတ်လုံးအတွက် လုံလောက်မှုရှိပါသည်။ စိုက်ပျိုးရေးတွင် မြက်သတ်ဆေး၊ ကွမ်းသီးပင်များအတွက် မြေသြဇာကျွေးခြင်းများ ထည့်သွင်းကြပြီး စိုက်ပျိုးရေးအတွက် မျိုးကောင်းမျိုးသန့်များကို ကျေးရွာ၏ အနီးအနားတွင် ရရှိနိုင်သည်။ မြက်သတ်ဆေးနှင့် ဓာတုမြေသြဇာများ အသုံးပြုခြင်းထက် ပိုမိုကောင်းမွန်သော အခြားနည်းပညာများကို အသုံးပြုခြင်းဖြင့် မြေဆီလွာ ပျက်စီးမှုအန္တာရာယ်မှ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေးမှ ထွက်ရှိသော ထွက်ကုန်များကို မြိတ်မြို့သို့ တစ်ပတ်လျှင် နှစ်ကြိမ်ပြေးဆွဲနေသော ကုန်တင်လှေများဖြင့် တင်ပို့ကာရောင်းချကြသည်။ ချေးငွေဝန်ဆောင်မှုလုပ်ငန်းမှာ ကျေးရွာဘုန်းကြီးကျောင်း ဆောက်ရန် လစဉ်အလှူငွေများကို ကျေးရွာအဖွဲ့မှ ရွာရှိအိမ်ထောင်စုများကို (၄)ကျပ်တိုးဖြင့် ချေးငွေများ ထုတ်ချေးထားပါသည်။ အတိုးနှုန်းသက်သာသော ပြင်ပအဖွဲ့အစည်းများ ရှိသော်လည်း ချိတ်ဆက်ဆောင်ရွက်မှုမရှိပါ။ သီးနှံပေါ်ချိန်နှင့် နီးကပ်လျှင် ချေးငွေလုံလောက်စွာ ရရှိနိုင်သော်လည်း ကျန်သည့်အချိန်များတွင် လုံလောက်စွာမရရှိဘဲ အနည်းငယ်သာ ရရှိပါသည်။ စိုက်ပျိုးရေးအတွက် နည်းပညာပေးအပ်ခြင်း ဝန်ဆောင်မှုများမရှိသောကြောင့် အချင်းချင်း နည်းပညာများ ဖလှယ်ကာစိုက်ပျိုးကြသဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတတ်စေရန်အတွက် စိုက်ပျိုးရေး နည်းပညာများ ပေးအပ်ရန် လိုအပ်နေသည်များကို တွေ့ရှိရပါသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေတိုးချဲ့နိုင်မှု	စိုက်ပျိုးရန်မြေနေရာရှိသော်လည်း စိတ်ဝင်စားမှု မရှိပါ။
မြေဆီသြဇာ အခြေအနေ	သီးနှံများ စတင်စိုက်ပျိုးသဖြင့် မြေဆီသြဇာ ကောင်းမွန်မှုရှိပြီး စိုက်ပျိုးရေးအတွက် ကောင်းမွန်မှု ရှိပါသည်။
ငွေကြေးအရင်းအနှီး ရရှိနိုင်မှု	ကျေးရွာမှ ဘုန်းကြီးကျောင်း ဆောက်လုပ်ရန် လစဉ်ကောက်ခံထားသော အလှူငွေများကို ကျေးရွာသို့ ပြန်လည်ထုတ်ချေး ထားသောချေးငွေများ

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
	ရှိပါသည်။ ပြင်ပအဖွဲ့အစည်းများ ရှိသော်လည်း ချိတ်ဆက် ဆောင်ရွက်ခြင်း မရှိပါ။
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု	ထိုင်း၊ ကော့သောင်းနှင့် မြိတ်မြို့သို့သွားရောက် ဝယ်ယူကြခြင်း၊ ကြိုတင် ဝယ်ယူထားခြင်းများကြောင့် အချိန်မီအသုံးပြုနိုင်ပါသည်။
လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ)	ပင်လယ်ရွာဖြစ်သောကြောင့် လုပ်သားအင်အား ပေါများပါသည်။ ငါးဖမ်းလှေလိုက်သူ များစွာရှိပါသည်။
ဖျက်ပိုးနှင့် ရောဂါ	၂၀၁၆ခုနှစ်တွင် အယ်နီညိုကြောင့် သစ်ပင်များ ပျက်စီးကြပါသည်။
ဈေးကွက် လက်လှမ်းမီမှု	ဥယျာဉ်ခြံထွက်သီးနှံများကို ဈေးနှုန်းကောင်းမွန်သော မြိတ်မြို့သို့ တင်ပို့ ရောင်းချသဖြင့် ဈေးကွက်လက်လှမ်းမှီမှုရှိပါသည်။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	စိုက်ပျိုးရေးအတွက် နည်းစနစ်ကျသော နည်းပညာ အကူအညီများ မရသလို ချိတ်ဆက်မှုများလည်းမရှိပါ။ နည်းပညာ ပေးအပ်ရန် လိုအပ်နေပါသည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာရှိ စိုက်ပျိုးမြေများသည် စတင်စိုက်ပျိုးသော မြေများ ဖြစ်သောကြောင့် မြေဩဇာကောင်းမွန်မှု ရှိပါသည်။ စိုက်ပျိုးမြေနေရာများ ရှိသော်လည်း ရေလုပ်ငန်းကိုသာ အဓိက စိတ်ဝင်စားကြပါသည်။ အဘယ်ကြောင့်ဆိုသော် ဥယျာဉ်ခြံလုပ်ငန်းမှာ အရင်းအနှီးများစွာ လိုအပ်ခြင်း၊ ဝင်ငွေကြန့်ကြာခြင်းကြောင့် စိတ်ဝင်စားမှုမရှိပါ။ ရေလုပ်ငန်းမှာ တစ်နေ့အတွက် လုပ်အားခကို ပုံမှန်ရရှိသောကြောင့် ရေလုပ်ငန်းကို ဦးစားပေးလုပ်ဆောင်သည်ကို တွေ့ရပါသည်။ သို့သော်အနည်းစုမှာ ဥယျာဉ်ခြံလုပ်ငန်းကို လုပ်ကိုင်ကြသဖြင့် စိုက်ပျိုးရေး နည်းပညာများ လိုအပ်သည်ကို တွေ့ရှိရပါသည်။ ကျေးရွာအတွင်းတွင် ချေးငွေထုတ်ချေးထားသော အဖွဲ့ရှိပြီး ပြင်ပအဖွဲ့အစည်းများ ရှိသော်လည်း ချေးငွေများကို လက်ခံမှု မရှိပါ။ သို့သော် အတိုးနှုန်းသက်သာသော ပြင်ပအဖွဲ့အစည်းများ ချေးငွေထုတ်ချေးရန် ချိတ်ဆက်ဆောင်ရွက်မှုများ ရှိပါက ရွာသားများနေဖြင့် ထုတ်ချေးရန် လိုအပ်မှုများ ရှိပါသည်။ စိုက်ပျိုးရေးအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို ထိုင်း၊ ကော့သောင်းနှင့် မြိတ်မြို့ တို့တွင် သွားရောက်ဝယ်ယူခြင်းနှင့် ကြိုတင်ဝယ်ယူခြင်းများ ရှိသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရေး ထုတ်ကုန်များကို မြိတ်မြို့သို့ အဓိက တင်ပို့ ရောင်းချကြပြီး ရေလုပ်ငန်း ထုတ်ကုန်များကို ထိုင်းနိုင်ငံသို့ အဓိက တိုက်ရိုက်တင်ပို့ ရောင်းချကြပါသည်။ စိုက်ပျိုးရေးတွင် ၂၀၁၆ခုနှစ်က အယ်လ်နီညို ရာသီဥတုကြောင့် သစ်ပင်များ ပျက်စီးဆုံးရှုံးမှုရှိသဖြင့် ကြိုတင်ကာကွယ်ရန် နည်းပညာများ လိုအပ်ပါသည်။ ပင်လယ်ကျေးရွာ ဖြစ်သောကြောင့် လုပ်သားအင်အား ပေါများပါသည်။ သို့သော် ငါးဖမ်းလှေလိုက်သူ ရှိသည်ကို တွေ့ရှိရပါသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
နွား	-	-	-
နို့စားနွား	-	-	-
မြင်း	-	-	-

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
ကျွဲ	-	-	-
မြည်း	-	-	-
လား	-	-	-
ဆိတ်	၁	၄	တနိုင်တပိုင် မွေးမြူခြင်း
သိုး	-	-	-
ဝက်	၉	၂၃	တနိုင်တပိုင် မွေးမြူခြင်း
ကြက်	၇၁	၇၇၅	တနိုင်တပိုင် မွေးမြူခြင်း
ဘဲ	၂	၄၀	တနိုင်တပိုင် မွေးမြူခြင်း
ကျွဲ	၃	၇	တနိုင်တပိုင် မွေးမြူခြင်း
ဆိတ်			-
ငါးလုပ်ငန်း			
ငါးကန်	-	-	မွေးမြူရန် စိတ်ဝင်စားသော်လည်း ငွေကြေးအရင်းအနှီး မလုံလောက်ပါ။
ပုဇွန်ကန်	-	-	-
ဂဏာန်း မွေးမြူရေးလုပ်ငန်း	-	-	-
ကမ်းနီး ငါးဖမ်းလုပ်ငန်း	၁၈၁	-	ကိုယ်ပိုင်နှင့် အငှားလိုက်

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် အရင်က ဝက်များကို စီးပွားဖြစ်မွေးမြူကြပြီး ရောင်းဈေးနည်းသောကြောင့် အခုချိန်တွင် မွေးမြူသူ အနည်းငယ်သာ ရှိပါသည်။ စားသုံးရန်အတွက် ကြက်၊ ဘဲများ မွေးမြူကြပါသည်။ ကျွဲ၊ ဆိတ်များကို တနိုင်တပိုင် မွေးမြူသူများလည်းရှိပါသည်။ ထိုပြင် မွေးမြူရန် မြေနေရာရှိသောကြောင့် မွေးမြူရေးနှင့် သက်ဆိုင်သော သင်တန်းများနှင့် ငွေကြေးအရင်းအနှီးများကို ထောက်ပံ့ပေးပါက ကျေးရွာလူထုအတွက် ပိုမိုအသုံးဝင်နိုင်ပါသည်။ ငါးကန်လုပ်ရန် စိတ်ဝင်စားမှု ရှိသော်လည်း ငွေကြေးအရင်းအနှီး မလုံလောက်သဖြင့် လုပ်ကိုင်မှု မရှိပါ။ ငါးဖမ်းလုပ်ငန်းများကို အိမ်ထောင်စု အများစုမှာ ကိုယ်ပိုင်လုပ်ကိုင်ကြပြီး အနည်းစုမှာ အငှားလိုက် ကြပါသည်။

(၂.၂.၂.၂) သားငါးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) သားငါးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	မွေးမြူရေးအတွက် မြေနေရာများ ရှိပါသည်။
ရေရရှိမှု	တွင်းရေနှင့် အဝီစိတွင်းရေများကို တစ်နှစ်ပတ်လုံး သုံးစွဲနိုင်ပါသည်။
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	(၅၉၃)စစ်တပ်နှင့် ကျောက်ထနောင်းကျေးရွာတွင် မျိုးကောင်း/သန့်များကို ရရှိနိုင်ပါသည်။
ချေးငွေ	မွေးမြူရေးအတွက် သီးသန့်ထုတ်ချေးသော အဖွဲ့အစည်းများ မရှိသဖြင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။
သွင်းအားစု ဈေးကွက်	မြိတ်မြို့နှင့် ကော့သောင်းမြို့များတွင် တိရစ္ဆာန် အစားအစာများကို ဝယ်ယူရပါသည်။
နည်းပညာ ဝန်ဆောင်မှု	မွေးမြူရေးနည်းပညာများ ပို့ချမှုများမရှိသော်လည်း ကျေးရွာလူထု အချင်းချင်း မွေးမြူရေးနည်းပညာ ဖလှယ်ကြပါသည်။
ထုတ်ကုန် ရောင်းဝယ်မှု	အနီးအနားကျေးရွာနှင့် အလှူများတွင် ရောင်းချရပါသည်။
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	မွေးမြူရန် မြေနေရာ လုံလောက်စွာရှိပါသည်။
အခြား	-
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	ပင်လယ်ရွာဖြစ်သောကြောင့် ငါးလုပ်ငန်းကို အဓိက လုပ်ကိုင်သဖြင့် ကမ်းနီးကမ်းဝေး ငါးဖမ်းကြပါသည်။
ချေးငွေ	ငါးဖမ်းလုပ်ငန်းအတွက် လုပ်ငန်းရှင်များမှ ငွေထုတ်ပေးပြီး ရောင်းပြီးမှ ငွေများကို ပြန်လည်ပေးဆပ်ရပါသည်။
သွင်းအားစု လက်လှမ်းမီမှု	ရေလုပ်ငန်းအတွက်လိုအပ်သော ပစ္စည်းများကို မြိတ်မြို့နှင့်ကော့သောင်းမြို့များတွင် အချိန်မီ မှာယူနိုင်ပါသည်။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	ရေလုပ်ငန်းအတွက် နည်းပညာများ လိုအပ်မှု မရှိပါ။ ပင်လယ်ရွာဖြစ် သောကြောင့် စဉ်ဆက်လုပ်ကိုင်ကြသဖြင့် ကျွမ်းကျင်မှုရှိပါသည်။
ထုတ်ကုန် ရောင်းဝယ်မှု	ရေလုပ်ငန်းထွက်ပစ္စည်းများကို မြိတ်မြို့နှင့် ထိုင်းနိုင်ငံများသို့ တင်ပို့ ရောင်းချကြပါသည်။
အခြား	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာသည် ပင်လယ်ကျေးရွာ ဖြစ်သောကြောင့် ရေလုပ်ငန်းကို အဓိက လုပ်ကိုင်သော်လည်း မွေးမြူရေးလုပ်ငန်းကို တနိုင်တပိုင် လုပ်ကိုင်ကြပါသည်။ စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ချင်သော်လည်း ငွေကြေးအရင်းအနှီး မရှိခြင်းကြောင့် လုပ်ကိုင်ရန် အခက်အခဲ ရှိပါသည်။ တိရစ္ဆာန်များ မွေးမြူရန် မြေနေရာရှိခြင်း၊ မျိုးကောင်း/သန့်များကို (၅၉၃)စစ်တပ်နှင့် ကျောက်ထနောင်းကျေးရွာများတွင် ရရှိခြင်း၊ တိရစ္ဆာန်အတွက် အစားအစာများကို မြိတ်မြို့နှင့် ကော့သောင်းမြို့များတွင် အချိန်မီ မှာယူနိုင်ပါသည်။ ထို့ကြောင့် မွေးမြူရေးအတွက် နည်းပညာသင်တန်း၊ ငွေကြေးအရင်းအနှီးနှင့် ချေးငွေအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။ ကမ်းနီးကမ်းဝေး ငါးဖမ်းခြင်း လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ရေလုပ်ငန်းအတွက် လိုအပ်သော ပစ္စည်းများ ဝယ်ယူရန် လုပ်ငန်းရှင်ထံမှ ငွေများ ထုတ်ယူပြီး ထွက်ကုန်များကို ရောင်းချပြီးမှ ပြန်လည်ပေးဆပ်ကြပါသည်။ လိုအပ်သော ပစ္စည်းများကို မြိတ်မြို့နှင့် ထိုင်းနိုင်ငံများတွင် သွားရောက်ဝယ်ယူခြင်းနှင့် ကြိုတင်မှာယူခြင်းများ ဝယ်ယူကြပါသည်။ ထွက်ရှိလာသော ကုန်ကြမ်းပစ္စည်းများကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချကြပါသည်။ ရေလုပ်ငန်းအတွက် နည်းပညာအကူအညီများ လိုအပ်မှု မရှိပါ။

(၂.၂.၂.၃) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေ ရရှိနိုင်မှု	မွေးမြူရေးအတွက် သီးသန့် ချေးငွေ ထုတ်ချေးမှု မရှိပါ။
ကူးစက်ရောဂါဖြစ်ပွားမှု	ရောဂါကျရောက်မှု မရှိပါ။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာများမရှိသဖြင့် နည်းပညာများလိုအပ်ပါသည်။
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	တစ်နိုင်တစ်ပိုင်မွေးမြူသူများဖြစ်သောကြောင့် လိုင်စင်ဖြင့် မွေးမြူသူများမရှိပါ။
အခြား	-
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် ရရှိနိုင်မှု	ငါးဖမ်းလိုင်စင်များကို ကျေးရွာတွင် လာရောက်ပြုလုပ်ပေး ပါသည်။
ချေးငွေ ရရှိနိုင်မှု	ရေလုပ်ငန်းအတွက် ချေးငွေများကို လုပ်ငန်းရှင်ထံတွင် ထုတ်ယူရပါသည်။
ထုန်ကုန်များ ရောင်းချနိုင်မှု	မြိတ်မြို့နှင့် ထိုင်းနိုင်ငံတွင် ရောင်းချနိုင်ပါသည်။
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် မွေးမြူရေးကို တနိုင်တပိုင် လုပ်ကိုင်ကြသော်လည်း စီးပွားဖြစ် မွေးမြူရန် ချေးငွေနှင့် နည်းပညာသင်တန်းများ ထောက်ပံ့ရန်လိုအပ်ပါသည်။ ပင်လယ်ရွာဖြစ်သောကြောင့် ရေလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသောကြောင့် ငါးဦးစီးဌာနမှ ငါးဖမ်းလိုင်စင်များကို ကျေးရွာသို့ လာရောက်၍

ပြုလုပ်ပေးပါသည်။ ကမ်းနီးကမ်းဝေး ငါးဖမ်းမှုများ ကန့်သတ်ထားပါသည်။ ရေလုပ်ငန်းအတွက် လိုအပ်သော ချေးငွေများကို လုပ်ငန်းရှင်မှ ထုတ်ပေးပြီး အရစ်ကျ ပြန်လည်ပေးဆပ်ရပါသည်။

(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
လုပ်သားအင်အားပေါများခြင်း	လုပ်သားအင်အားပေါများပြီး လက်ရှိတွင် အလုပ်လုပ်ကိုင်သူများပြားပါသည်။ ကျွမ်းကျင်သူ နည်းပါးပါသည်။
စျေးကွက်လက်လှမ်းမှီခြင်း	ကျေးရွာတွင်းသာမက အခြားနေရာများကို တင်ပို့ရောင်းချ ကြပါသည်။
လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း	ပင်လယ်ကျေးရွာဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိပါသည်။
အသက်မွေးဝမ်းကျောင်းနည်းပညာ ဝန်ဆောင်မှုရရှိနိုင်ခြင်း	ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းသင်တန်းများ မရရှိဖူးပါ ။
ကုန်ကြမ်းပေါများခြင်း	ဥယျာဉ်ခြံနှင့် ရေလုပ်ငန်းထွက်ပစ္စည်းများ ထွက်ရှိပါသည်။
လျှပ်စစ်မီးရရှိနိုင်ခြင်း	ကိုယ်ပိုင်လျှပ်စစ်မီးမှ ကျေးရွာအိမ်များကို မီးပေးပါသည်။
အခြား	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာသည် ပင်လယကျေးရွာဖြစ်သောကြောင့် လုပ်သားအင်အားပေါများသော်လည်း ကျွမ်းကျင်သူ နည်းပါးပါသည်။ ကျေးရွာတွင် စက်မှုလက်မှု လုပ်ငန်းများနှင့် စက်ချုပ်ခြင်း၊ စျေးရောင်းသော လုပ်ငန်းများကို လုပ်ကိုင်သူများရှိပါသည်။ စက်မှုလက်မှု လုပ်ငန်းနှင့် စက်ချုပ်လုပ်ငန်းများတွင် ကျေးရွာလူထုမှ လာရောက်အပ်နှံကြသဖြင့် စျေးကွက် ရှိပါသည်။ ပင်လယ်ရွာဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရ အန္တရာယ်ရှိပါသည်။ ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းနှင့် သက်ဆိုင်သော သင်တန်းများကို သက်ဆိုင်ရာဌာနများမှ လာရောက်ပို့ချမှု မရှိသော်လည်း ကျေးရွာမှာ မြို့များတွင် သွားရောက်သင်ယူကြရပါသည်။ ဥယျာဉ်ခြံမှ ထွက်ရှိသော ကွမ်းသီး၊ သီဟိုဠ်၊ အုန်းသီးများနှင့် ရေလုပ်ငန်းမှ ထွက်ရှိသော ငါး၊ ပုဇွန်၊ ကင်းမွန်၊ ကဏန်းများကို မြိတ်မြို့နှင့် ထိုင်းနိုင်ငံများသို့ တင်ပို့ရောင်းချကြပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးပေးသော အိမ်ထောင်စု အနည်းငယ် ရှိသဖြင့် ကျေးရွာရှိ အိမ်ထောင်စုများကို ယူနစ်ဖြင့် မီးပေးထားပါသည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်
အသက်မွေးဝမ်းကျောင်းနည်းပညာ ဝန်ဆောင်မှုရရှိမှုအားနည်းခြင်း	ဌာနဆိုင်ရာများမှ အသက်မွေးဝမ်းကျောင်းသင်တန်းများ ပို့ချမှု မရှိသဖြင့် မြို့များတွင် သွားရောက်သင်ယူကြပါသည်။
အရင်းအနှီး မလုံလောက်ခြင်း	အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ဆောင်ရန် ချေးငွေ အဖွဲ့အစည်းများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်
အသက်မွေးဝမ်းကျောင်းနည်းပညာဝန်ဆောင်မှုရရှိမှုအားနည်းခြင်း	ဌာနဆိုင်ရာများမှ အသက်မွေးဝမ်းကျောင်းသင်တန်းများ ပို့ချမှု မရှိသဖြင့် မြို့များတွင် သွားရောက်သင်ယူကြပါသည်။
	မရှိပါ။
အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း	ဥယျာဉ်ခြံ၊ ရေလုပ်ငန်း၊ စက်မှုလက်မှု၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ပါသည်။
ပညာတတ်မြောက်မှုနည်းပါးခြင်း	လက်ရှိအလယ်တန်းကျောင်းမှာ (၉)တန်းအထိရှိသောကြောင့် ကျောင်းတက်သူများပြားပြီး ပညာတတ်အသင့်အတင့်ရှိပါသည်။
လျှပ်စစ်မီး မရရှိခြင်း	ကျေးရွာတွင် ယူနစ်ဖြင့် မီးပေးခြင်း လုပ်ငန်းများရှိပါသည်။
လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း	ပင်လယ်ကျေးရွာဖြစ်သောကြောင့် ရေကြောင်းလမ်း သွားလာရ ခက်ခဲပါသည်။
ဈေးကွက်ဆိုင်ရာအသိရှိမှုနည်းပါးခြင်း	အနီးအနားမြို့များတွင် ဈေးနှုန်းများကို စုံစမ်းသိရှိသော်လည်း ဈေးကွက်ကောင်းမွန်သော မြို့တ်မြို့နှင့် ထိုင်းနိုင်ငံတွင် ရောင်းချ ကြပါသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် သင်တန်းများပို့ချမှု မရှိသောကြောင့် သက်ဆိုင်သော ဌာနဆိုင်ရာများမှ သင်တန်းများပို့ချပါက တက်ရောက်ရန် လူငယ်များရှိသည်ကို တွေ့ရှိရပါသည်။ အသက်မွေးဝမ်ကျောင်းလုပ်ငန်းများ လုပ်ဆောင်ပါက အရင်းအနှီးများ မရှိသောကြောင့် ချေးငွေထုတ်ချေးသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။ ကျေးရွာတွင် လက်ရှိအလယ်တန်းကျောင်းမှာ (၉)တန်း အထိရှိသောကြောင့် ဘွဲ့ရ ပညာတတ် အသင့်အတင့်ရှိသည်ကို တွေ့ရှိရပါသည်။ ကျေးရွာမီးလင်းရေးအတွက် ကျေးရွာမှ ယူနစ်ဖြင့် မီးပေးထားသည်ကို တွေ့ရှိရပါသည်။ ပင်လယ်ကျေးရွာဖြစ်သောကြောင့် တစ်နှစ်ပတ်လုံး သွားလာရ အခက်အခဲရှိပါသည်။ ကမ်းတောကျေးရွာရှိ ဥယျာဉ်ခြံ လုပ်ငန်းများမှ ထွက်ရှိသော ပစ္စည်းများနှင့် ရေလုပ်ငန်းမှ အဓိက ထွက်ရှိသော ပစ္စည်းများကို ဈေးကွက်ကောင်းသော မြို့တ်မြို့နှင့် ထိုင်းနိုင်ငံများသို့ တင်ပို့ ရောင်းချကြပါသည်။ သို့သော်လည်း အနီးအနားတွင် ရှိသောဈေးကွက်များကိုလည်း ဈေးနှုန်း စုံစမ်းမှုများ ရှိသည်ကို တွေ့ရှိရပါသည်။

(၂.၃) ရွှေပြောင်းလုပ်သားများ

(၂.၃.၁) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

စဉ်	ပုံစံ	အိမ်ထောင်စု အရေအတွက်	ပြည်တွင်း			ပြည်ပ			လူဦးရေ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	ရွှေပြောင်းလုပ်သားရှိသော အိမ်ထောင်စုနှင့် လူဦးရေ	၄၇	၁၄	၁၀	၂၄	၃၅	၁၉	၅၄	၄၉	၂၉	၇၈
၂	ကျေးရွာပြင်ပသို့ ရွှေပြောင်းမှုကာလ										
	၃ လ အထိ	၅	၃	၂	၅	၁	၁	၂	၄	၃	၇

စဉ်	ပုံစံ	အိမ်ထောင်စု အရေအတွက်	ပြည်တွင်း			ပြည်ပ			လူဦးရေ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
	၆ လ အထိ	၄	၂	၁	၃	၁	၁	၂	၃	၂	၅
	၁၂ လ အထိ	၁	၁	-	၁	-	၁	၁	၁	၁	၂
	၁၂ လ အထက်	၃၇	၈	၇	၁၅	၃၃	၁၆	၄၉	၄၁	၃၃	၇၄

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာမှာ အခြားဒေသသို့ သွားရောက်လုပ်ကိုင်နေသော အိမ်ထောင်စု(၄၇)စု ရှိပါသည်။ လူဦးရေမှာ (၇၈)ဦးရှိပြီး ၁၂လအထက်တွင် သွားရောက်လုပ်ကိုင်သော လူဦးရေမှာ (၆၄)ဦးရှိပါသည်။ အခြားဒေသသို့ သွားရောက်လုပ်ကိုင်သော လူဦးရေများတွင် အမျိုးသားများသည် အမျိုးသမီးများထက် တဝက်နီးပါးရှိသည်ကို တွေ့ရှိရပါသည်။

(၂.၃.၂) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

စဉ်	အကြောင်းအရာ	လူဦးရေ
၁	ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန်	၇၈
၂	နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း	-
၃	ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း	-
၄	အခြား	-

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် ရေလုပ်ငန်းကို အဓိကလုပ်ကိုင်သော်လည်း အချို့အိမ်ထောင်စုများရှိ မိသားစုဝင်များမှာ ကိုယ်ပိုင်လုပ်ငန်းမရှိသဖြင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံ များတွင် သွားရောက်လုပ်ကိုင်ကြပါသည်။ ထို့ကြောင့် အခြားနိုင်ငံနှင့် အခြားမြို့များတွင် သွားရောက် လုပ်ကိုင်ကြပြီး အိမ်သို့ ငွေများကို ပြန်ပို့ပေးပါသည်။ အကယ်၍ ဆင်းရဲသော အိမ်ထောင်စုများအတွက် အသက်မွေးဝမ်းကျောင်းနှင့် သက်ဆိုင်သော သင်တန်းနှင့် ထောက်ပံ့မှုများ ရှိပါက ကျေးရွာအတွက် အထောက်အကူပြုနိုင်ပါသည်။

(၂.၃.၃)ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား (၂၆) ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်				
		စုစုပေါင်း	% ကျေးရွာ အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု	မြင့်	လတ်	နိမ့်
၁	ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက်	၃၇	၉.၉၄	၁၅	၂၂	-
၂	ပြန်ပို့ငွေ လမ်းကြောင်းများ					
	- ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)	၇	၁.၈၈	၃	၄	-

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်				
		စုစုပေါင်း	% ကျေးရွာအတွင်းရှိ စုစုပေါင်းအိမ်ထောင်စု	မြင့်	လတ်	နိမ့်
	- ဘဏ်	၅	၁.၃၄	၂	၃	-
	- လူကြုံ/ကိုယ်တိုင်ဖြင့်လွှဲပို့ခြင်း	၂၅	၆.၇၂	၁၀	၁၅	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် ကျပန်းလုပ်ကိုင်သော အိမ်ထောင်စုများနှင့် အချို့မှီခိုသော အိမ်ထောင်စုများမှာ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေသူများ ထောက်ပံ့ကြပါသည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း မရှိသောကြောင့် ပြည်တွင်းပြည်ပတွင် အလုပ်လုပ်၍ ပြန်ပို့ငွေကို မှီခိုနေသော အိမ်ထောင်တစ်စုရှိသည်ကိုတွေ့ရှိရပါသည်။ အခြားတွင် သွားရောက်လုပ်ကိုင်သော အိမ်ထောင်စုမှာ (၄၇)စုရှိသော်လည်း ပြန်ပို့ငွေများကို မှီခိုသော အိမ်ထောင်စု(၃၇)စု ရှိပြီး ငွေပို့လမ်းကြောင်း အမျိုးမျိုးဖြင့် ပေးပို့ကြပါသည်။ ပြန်ပို့ငွေများကို မှီခိုသော အိမ်ထောင်စုများမှာ ရပ်တည်နိုင်မှု လတ်နှင့် မြင့် အဆင့်တွင် ရှိပါသည်။

(၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး (မိုင်)	ချောင်းကဖီးဈေး (၁၈)မိုင်	ကော့သောင်းဈေး(၅၀)မိုင်
သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ	လှေခ (၁၀၀၀၀)ကျပ်(၁)ဦး	လှေခ (၂၀၀၀၀)ကျပ်(၁)ဦး
ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု အမျိုးအစားများ	စားသောက်ကုန်၊လူသုံးကုန်ပစ္စည်းများ၊ဘက်စုံသုံးပစ္စည်းများ	ဆေက်လုပ်ရေးပစ္စည်း၊ စားသောက်ကုန်၊လူသုံးကုန်ပစ္စည်းများ၊ဘက်စုံသုံးပစ္စည်းများ
ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု	အသင့်အတင့်	အသင့်အတင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာရှိ လူများသည် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ဘက်စုံသုံးပစ္စည်းများကို ချောင်းကဖီးဈေးတွင် သွားရောက်ဝယ်ယူကြပြီး ဆောက်လုပ်ရေး ပစ္စည်းများ၊ စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဘက်စုံသုံးပစ္စည်းများကို ကော့သောင်းဈေးတွင် သွားရောက်ဝယ်ယူကြပါသည်။ ပစ္စည်းများသွားရောက်ဝယ်ယူပါက လှေကြိုလိုက်၍ ဝယ်ယူသောကြောင့် လှေခများသက်သာမှု ရှိပါသည်။

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့် နေရာ	ငွေကြေးဝန်ဆောင်မှု အမျိုးအစား	ပြန်လည်ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံပစ္စည်း လိုအပ်မှု	ချေးငွေရရန် အခက်အခဲများ
အစိုးရဘဏ် (စိုက်ပျိုးရေးဘဏ်)	-	-	-	-	-

ချေးငွေ ရရှိနိုင်သည့် နေရာ	ငွေကြေး ဝန်ဆောင်မှု အမျိုးအစား	ပြန်လည် ပေးဆပ်ရ မည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံ ပစ္စည်း လိုအပ်မှု	ချေးငွေရရန် အခက်အခဲများ
ပုဂ္ဂလိကဘဏ်	-	-	-	-	-
ပုဂ္ဂလိက အသေး စား ချေးငွေဝန် ဆောင်မှုကဏ္ဍ	-	-	-	-	-
အဖွဲ့အလိုက်ငွေစု/ ငွေချေးအစီအစဉ်	ချေးငွေ	အကန့်အသ တ်မရှိ	(၄)ကျပ်	မလို	မရှိ
ငွေချေးပေးသူ	-	-	-	-	-
အပေါင်ဆိုင်	-	-	-	-	-
မိတ်ဆွေနှင့် ဆွေမျိုးများ	-	-	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှုပေးသောအဖွဲ့များ။

မှတ်ချက်။ ။ ငွေကြေး ဝန်ဆောင်မှု အမျိုးအစား - ချေးငွေ၊ စုငွေ၊ အာမခံစနစ်

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် ချေးငွေဝန်ဆောင်မှုများအနေဖြင့်အဖွဲ့အစည်းများ မရှိသော်လည်း ကျေးရွာမှ ဘုန်းကြီးကျောင်းအတွက် လစဉ်ကောက်ခံသော အလှူငွေများကို ကျေးရွာလူထုသို့ ပြန်လည်ထုတ်ချေးသော ငွေချေးအစုအဖွဲ့များ ရှိပါသည်။ ငွေချေးသူ(၅၀)ဦးခန့်ရှိပြီး ပြန်လည်ပေးဆပ်သော ကာလကို အကန့်အသတ် မရှိပါ။ ချေးငွေကို (၄)ကျပ်တိုးဖြင့် ချေးယူပြီး အပေါင်ပစ္စည်း မလိုအပ်ပါ။ သို့သော်လည်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် လိုအပ်သော အရင်းအနှီးများ ထောက်ပံ့ပေးရန် အတိုးသက်သာသော သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပါက ကျေးရွာလူထုမှ ထုတ်ချေးရန် ဆန္ဒများ ရှိပါသည်။

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

(၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာ အခြေအနေ	နိမ့်	စတင်စိုက်ပျိုးသော မြေဖြစ်သဖြင့် မြေသြဇာကောင်းမွန်မှုရှိပါသည်။
အပင်မျိုးစိတ်များ	လတ်	သဘာဝအပင်မျိုးစိတ်များ ပြုန်းတီး လာပါသည်။
ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု	နိမ့်	အပင်များ ဖျက်ပိုးကျရောက်မှု မရှိပါ။

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာ အခြေအနေ	နိမ့်	စတင်စိုက်ပျိုးသော မြေဖြစ်သဖြင့် မြေသြဇာကောင်းမွန်မှုရှိပါသည်။
ရေအရင်းအမြစ်	နိမ့်	တွင်းရေနှင့် အဝီစိတွင်းရေကို သုံးစွဲပါသည်။
ငါးမျိုးကွဲများ	မြင့်	ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်သော ကြောင့် ငါးများမျိုးတုံးလာပါသည်။
အခြားတိရစ္ဆာန်မျိုးကွဲများ	လတ်	တောတောင်များရှားပါးလာခြင်း ကြောင့် တိရစ္ဆာန်များအတွက် အန္တရာယ် ရှိနိုင်ပါသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် ဥယျာဉ်ခြံ လုပ်ငန်း လုပ်ကိုင်သူများရှိသော်လည်း စတင်စိုက်ပျိုးသော မြေများဖြစ်သောကြောင့် မြေဆီသြဇာ ကောင်းမွန်မှု ရှိပါသည်။ ဥယျာဉ်ခြံလုပ်ငန်းများ လုပ်ကိုင်ကြသောကြောင့် သဘာဝအပင်များ ပြုန်းတီးလာပါသည်။ ဖျက်ပိုးများ ကျရောက်မှု မရှိပါ။ စိုက်ပျိုးရေအတွက် တွင်းရေနှင့် အဝီစိတွင်းရေများကို သုံးစွဲကြပါသည်။ ပင်လယ်ရွာဖြစ်သောကြောင့် ရေလုပ်ငန်းကို အဓိက လုပ်ကိုင်သဖြင့် ပင်လယ်သယံဇာတများ မျိုးတုံးလာပါသည်။ စိုက်ပျိုးရေးအတွက် လိုအပ်သော နည်းပညာသင်တန်းများ လိုအပ်သော်လည်း ရေလုပ်ငန်းအတွက် နည်းပညာများ လိုအပ်မှု မရှိပါ။

(၂.၇) ပညာရေး

(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၁၀ နှစ်နှင့်အထက် လူဦးရေ၏ %
စာမတတ်သူဦးရေ	၁၁	၂၁	၃၂	၁.၉၃
ဘုန်းကြီးကျောင်းသင်ပညာရေး	၇၀	၂၇	၉၇	၅.၈၄
မူလတန်းပညာရေး မပြီးဆုံးသူဦးရေ	၂၃၁	၂၂၁	၄၅၂	၂၇.၂၅
မူလတန်းပညာရေး ပြီးဆုံးသူဦးရေ	၃၇၂	၃၃၅	၇၀၇	၄၂.၆၂
အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ	၁၅၀	၁၆၀	၃၁၀	၁၈.၆၉
အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ	၂၆	၂၂	၄၈	၂.၈၉
တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ	၈	၅	၁၃	၀.၇၈
၁၀ နှစ်နှင့်အထက် လူဦးရေပေါင်း	**၈၆၈**	**၇၉၁**	**၁၆၅၉**	**၁၀၀**

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် အလယ်ကျောင်းအဆင့် (၉)တန်းအထိသာရှိပြီး အထက်တန်းကျောင်းကို မြိတ်ကျောင်းတွင် သွားရောက်တက်ကြရခြင်း ဖြစ်ပါသည်။ မူလတန်းပြီးဆုံးပြီး

ကျောင်းထွက်နှုန်း များပြားသည်ကို တွေ့ရှိရပါသည်။ ရွာကြီးဖြစ်သောကြောင့် အထက်တန်းတက်ရောက်ရန် အခက်အခဲရှိသော ကျောင်းသား/သူများရှိသဖြင့် အထက်တန်းပြီးဆုံးသူ အနည်းငယ်သာ ရှိပါသည်။ သို့သော် ကျောင်းတက်သူ များပြားစွာ ရှိသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အထက်တန်းကျောင်းနှင့် ပညာရေး ဆွေးနွေးဟောပြောပွဲများ ပြုလုပ်ပေးမည်ဆိုလျှင် ပညာတတ်မြောက်သူ များပြားလာနိုင်ပါသည်။

(၂.၇.၂) လက်ရှိ ကျောင်းတက်နှုန်း

ဇယား (၃၁) လက်ရှိ ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ %
မူလတန်း(၅-၉ နှစ်)	၁၄၉	၁၄၃	၂၉၂	
အလယ်တန်း (၁၀-၁၄နှစ်)	၈၈	၁၁၅	၂၀၃	
အထက်တန်း (၁၅-၁၆ နှစ်ကြား)	၂၈	၄၈	၇၆	
တက္ကသိုလ် ကျောင်းသား၊ သူ	၁၈	၉	၂၇	
စုစုပေါင်း	**၂၈၃**	**၃၁၅**	**၅၉၈**	

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် လက်ရှိကျောင်းတက်နေသော လူဦးရေမှာ အလယ်တန်းအဆင့်တွင် ပညာသင်ကြားနေပြီး အထက်တန်းတက်ရောက်သူများလည်း ရှိပါသည်။ မူလတန်းကျောင်းတက်ရောက်သူများပြားပြီး အလယ်တန်းတက်ရောက်သူ အလယ်အလတ်တွင်သာ ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းနေအရွယ် ကလေးများမှာ မိသားစုစားဝတ်နေရေးကြောင့် ကျောင်းတက်နောက်ကျခြင်း၊ အရွယ်လွန်မှ ကျောင်းထားခြင်းတို့ကြောင့် (၅-၉)နှစ်မူလတန်း ကျောင်းတက်နှုန်းတွင် အသက်တစ်ဆယ်ကျော်မှ မူလတန်းကျောင်းတက်သူများရှိသည်ကို တွေ့ရှိရပါသည်။ ရွာကြီးဖြစ်သောကြောင့် ကျောင်းသား/သူများစွာ ရှိသည်ကို တွေ့ရှိရပါသည်။

(၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	အလယ်တန်းကျောင်း	
ရွာမှ အကွာအဝေး(၃-မိုင်)	ကျေးရွာတွင်း	အလယ်တန်းကျောင်း(၉)တန်းအထိ
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	မရှိ	ခြေလျင်
စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်)		အလယ်တန်းကျောင်းထိကျောင်းဆောင်ရှိပါသည်။
အမိုး၊ နံရံ၊ အခင်း အရည်အသွေး	သွပ်မိုး၊ အုတ်စီ၊ ကွန်ကရစ်ခင်း	အရည်အသွေးများ အသင့်အတင့် ရှိပါသည်။
ကျောင်းသုံး ပရိဘောဂ (လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ	ပရိဘောဂ လုံလောက်မှုရှိပါသည်။ ကျောင်းအိမ်သာ ကောင်းမွန်ပါသည်။	ကျောင်းသားသုံး ယင်လုံအိမ်သာ (၁၀)လုံးရှိပြီး ကျောင်းဆရာ/မသုံးအိမ်သာ(၅)လုံးရှိပါသည်။
ကျောင်းအာဟာရတိုက်ကျွေးမှု	တစ်နှစ်လျှင်(၁၀)ကြိမ်	ကျေးရွာရှိ အလှူရှင်များမှ ကျွေးမွေးပါသည်။

အကြောင်းအရာ	အလယ်တန်းကျောင်း			
(အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ)	အထက်ရှိပြီး ဆန်ပြုတ်၊ မုန့်ဟင်းခါး ကျွေးမွေးခြင်း			
ကျောင်းဆရာ/မ ဦးရေ	**ကျား**	**မ**	**ပေါင်း**	
အစိုးရခန့်	၄	၁၆	၂၀	
ကျေးရွာခန့်	၁	၂	၃	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် အလယ်တန်းကျောင်း ဖြစ်သော်လည်း (၉)တန်း အထိ ရှိပါသည်။ ကျောင်းသားဦးရေ များသော်လည်း ကျောင်းဆရာ/မ လုံလောက်မှုရှိပြီး စာသင်ကျောင်းလည်း လုံလောက်မှု ရှိပါသည်။ စာသင်ကျောင်း အရည်အသွေး ကောင်းမွန်မှုရှိပြီး ကျောင်းသုံးပစ္စည်း လုံလောက်မှုရှိပါသည်။ ကျောင်းအိမ်သာများမှာ အရည်အသွေးကောင်းမွန်မှုရှိပြီး ကျောင်းသား/သူသုံး အိမ်သာ (၁၀)လုံး၊ ကျောင်းဆရာ/မသုံး အိမ်သာ (၅)လုံး ရှိပါသည်။ ကျောင်းအာဟာရတိုက်ကျွေးမှု အနေဖြင့် ကျေးရွာရှိ အလှူရှင်များမှ တစ်နှစ်လျှင် (၁၀)ကြိမ်အထက်ရှိပြီး ဆန်ပြုတ်နှင့် မုန့်ဟင်းခါးများကို ကျွေးမွေးပါသည်။

(၂.၇.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ရရှိနိုင်မှု	လုံလောက်မှု ရှိပါသည်။
တပည့် - ဆရာ အချိုး	အချိုးညီမျှပါသည်။
မူလတန်းပညာ ကျောင်းထွက်နှုန်း	အထက်တန်းကျောင်းထွက်နှုန်း များပါသည်။
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မသန်စွမ်းသူတစ်ဦးရှိသော်လည်း အများနည်းတူ စာသင်ကြား ပါသည်။
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	ဗလာစာအုပ်၊ ပြဋ္ဌာန်းပုံနှိပ်စာအုပ် အပြည့် အစုံ၊ ဝတ်စုံ တစ်စုံစီ ကို ပညာရေးဦးစီးဌာနမှ ပံ့ပိုးပေးပြီး၊ လေ့ကျင့်ခန်း စာအုပ်နှင့် စာရေး ကိရိယာများကို ကျောင်းသား ဝယ်သုံးရပါသည်။ လုံလောက်မှု မရှိပါ။
ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု	အခမဲ့ ပညာရေးစနစ်ကို အကောင်အထည် ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစုများ အတွက်လည်း အခက်အခဲမရှိ ကျောင်း တက်ခွင့် ရနေပါသည်။ အထက်တန်းတက်ရောက်ရန် အခက်အခဲ ရှိပါသည်။
ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု	ကျောင်းအားကစားကွင်း မရှိသော်လည်း ကျေးရွာပိုင် ဘောလုံးကွင်းရှိသဖြင့် နှစ်တိုင်း ဘောလုံးပြိုင်ပွဲ ရှိပါသည်။ အားကစားဆိုင်ရာ ပစ္စည်းသီးသန့် မရှိပါ။
မိဘဆရာအသင်း၏အခန်းကဏ္ဍ	ကျောင်းကော်မတီရှိပြီး ကျောင်း၏လိုအပ်ချက်များကို ကျေးရွာ သားများနှင့် တိုင်ပင် လုပ်ဆောင်ကြပါသည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် မိဘများမှပညာရေး အသိအမြင်ဗဟုသုတများ ရှိသော်လည်း အထက်တန်းတက်ရောက်ရန် အခက်အခဲ ရှိသောကြောင့် အထက်တန်းပညာ ပညာတက်မြောက်မှု နည်းပါးကြောင်း တွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် ပင်လယ်ကျွန်းရွာဖြစ်သဖြင့် ဆင်းရဲသော မိသားစုများမှာ အထက်တန်းပညာကို အခြားမြို့ကျောင်းများတွင် တက်ရောက်ရသောကြောင့် ငွေကြေး မတတ်နိုင်ခြင်းနှင့် နေထိုင်ရန် အခက်အခဲရှိသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အထက်တန်းပညာရေးအတွက် ထောက်ပံ့မှုများ ရှိပါက အထက်တန်းကျောင်းထွက်နှုန်း ပမျောက်ပါမည်။

(၂.၈) ကျန်းမာရေးနှင့် အာဟာရ

(၂.၈.၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

စဉ်	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
၁	ဝမ်းပျက်ဝမ်းလျှောက			✓	ဖြစ်ပွားမှု မရှိပါ။
၂	သွေးလွန်တုပ်ကွေး		✓		သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုရှိသည်။
၃	ငှက်ဖျား			✓	ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့ရှိပါသည်။
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ			✓	ဖြစ်ပွားမှု မရှိပါ။
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ			✓	ဖြစ်ပွားမှု မရှိပါ။
၆	တီဘီ		✓		သေဆုံးသူ(၂)ဦးရှိပါသည်။
၇	ဆီးချို	✓			လူကြီးပိုင်းများ အဖြစ်များပါသည်။
၈	သွေးတိုး	✓			လူကြီးပိုင်းများ အဖြစ်များပါသည်။
၉	အသည်းရောဂါ (ဘီ၊ စီ)			✓	ဖြစ်ပွားမှု မရှိပါ။
၁၀	အာဟာရ ချို့တဲ့မှု			✓	ဖြစ်ပွားမှု မရှိပါ။
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ			✓	ဖြစ်ပွားမှု မရှိပါ။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားမှု အနည်းငယ်ရှိပြီး ဆီးချိုနှင့် သွေးတိုးရောဂါများမှာ လူကြီးပိုင်းများ အဖြစ်များသည်ကို တွေ့ရှိရပါသည်။ လွန်ခဲ့သောနှစ်များတွင် တီဘီရောဂါကြောင့် အမျိုးသမီးနှစ်ဦး သေဆုံးဖူးပါသည်။ ငှက်ဖျားရောဂါဖြစ်ပွားမှု မရှိအောင် ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့မှ ကာကွယ်မှုများ ပြုလုပ်ရန် ဝန်ဆောင်မှုများ ပေးပါသည်။ သို့သော်လည်း ကျန်းမာရေး အသိပညာဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

(၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	အဆုတ်ရောဂါ	✓		ကျေးရွာတွင် ထိုးပေးပါသည်။
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✓		ကျေးရွာတွင် ထိုးပေးပါသည်။
၃	ပိုလီယိုရောဂါ	✓		ကျေးရွာတွင် ထိုးပေးပါသည်။

စဉ်	ကာကွယ်ဆေးထိုးခြင်း	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၄	မေးခိုင် (ကိုယ်ဝန်ဆောင်ကာလအတွင်း)	✓		ကျေးရွာတွင် ထိုးပေးပါသည်။
၅	ဝက်သက်ရောဂါ	✓		ကျေးရွာတွင် ထိုးပေးပါသည်။
၆	အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု	✓		ကျေးရွာတွင် ထိုးပေးပါသည်။
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	✓		ကျေးရွာတွင် လာရောက်တိုင်းယူပါသည်။
၈	အာဟာရပညာပေး အစီအစဉ်		✓	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် နှစ်တိုင်း ကာကွယ်ဆေးထိုးနှံမှုများ ရှိပါသည်။ ကာကွယ်ဆေးများကို တာဝန်ကျ ကျန်းမာရေးဝန်ထမ်းမှ ကျေးရွာသို့ လာရောက်ထိုးနှံပေးပါသည်။ ကျေးရွာတွင် ကျန်းမာရေးဝန်ထမ်း နေထိုင်ပါသည်။ ထို့ကြောင့်လည်း ရောဂါဖြစ်ပွားမှုများ နည်းပါးပါသည်။

(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက်မှုရှိ/မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာရေး ဌာန/ခွဲ	ရွာတွင်း	မရှိ	ကျန်းမာရေးမှူး- သားဖွားဆရာမ - အရံသားဖွားဆရာမ- ၁ ကြီးကြပ် (၁) - ကြီးကြပ် (၂) - ၁ တိုင်းရင်းဆေးကု- အရပ်လက်သည်-	မရှိ	ဆောက်လုပ်ဆဲ
တိုက်နယ် ဆေးရုံ	-	-	ဆရာဝန် - ဝ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်-	-	-
မြို့နယ် ဆေးရုံ	-	-	ဆရာဝန် - ဝ/ထ -	-	-

ကျန်းမာရေးဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင် (လုံလောက်မှုရှိ/မရှိ)	ကျန်းမာရေးဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သောအသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/မလုံလောက်မှု)	မှတ်ချက်
			ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်-		
ဆေးဆိုင်	-	-	ဆေးဝါးကျွမ်းကျင်သူ (ဟုတ်/မဟုတ်) -	လက်လှမ်းမှီမှု- သိုလှောင်ပုံစနစ်-	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ရန် လျာထားသည်ကို တွေ့ရှိရပါသည်။ သို့သော် လက်ရှိတွင် ကျန်းမာရေးဝန်ထမ်း အနေဖြင့် အရံသားဖွားဆရာမတစ်ဦးနှင့် ကျန်းမာရေးကြီးကြပ်(၂)တစ်ဦး ရှိပါသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် ပတ်သက်သော လိုအပ်ချက်များအတွက် အဆင်ပြေမှုရှိသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကိုလည်း အခါအားလျော်စွာ ပြုလုပ်ပေးခြင်းဖြင့် ကျေးရွာသူ/သားများ၏ ကျန်းမာရေးအသိများ တိုးတက်လာနိုင်ပါမည်။ ၄င်းကျေးရွာတွင် ဆေးဆိုင် သီးသန့်မရှိသဖြင့် ကြီးမားသော ရောဂါဖြစ်ပွားပါက မြို့တော်မြို့သို့ သွားရောက်ကုသကြပါသည်။

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	၆	ကောင်း	-	✓	✓	-
အဝီစိတွင်း/စက်တပ်	၅	ကောင်း	✓	✓	✓	-
အဝီစိတွင်း/တုံကင်	-	-	-	-	-	-
မိုးရေသိုလှောင်ကန်	-	-	-	-	-	-
မြစ်/ချောင်း	-	-	-	-	-	-
ရေကန်	-	-	-	-	-	-
စိမ့်စမ်းရေသွယ်တန်းခြင်း	-	-	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာရှိ ရေတွင်းနှင့် အဝီစိတွင်းရေများမှာ တစ်နှစ်ပတ်လုံးရရှိပြီး တစ်ရွာလုံး အသုံးပြုကြောင်း တွေ့ရှိရပါသည်။ အဝီစိတွင်းများမှာ တစ်ရွာလုံးတွင် (၅)တွင်းရှိပြီး လက်တူးတွင်းမှာ (၆)တွင်း ရှိပါသည်။ တွင်းရေသုံးသော အိမ်ထောင်စု(၁၁၅)စုရှိပြီး အဝီစိရေသုံးသော အိမ်ထောင်စု(၂၅၇)စုရှိပါသည်။ တစ်ရွာလုံးအတွက် လုံလောက်မှုရှိပြီး ရေရရှိမှု အခက်အခဲ မရှိပါ။ အဝီစိတွင်းရေကို အိမ်ထောင်စု အများစု သုံးစွဲကြပြီး အိမ်ထောင်စု အနည်းစုမှာ တွင်းရေကို သုံးစွဲသည်ကို တွေ့ရှိရပါသည်။

(၂.၉.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ရေလောင်း/ယင်လုံအိမ်သာ	၄၃	ကုန်းဖက်ပိုင်းတွင် နေထိုင်သော အိမ်ထောင်စုများမှာ ရေလောင်းအိမ်သာများကိုသုံးစွဲကြပါသည်။
ကျင်းအိမ်သာ	၃	ကုန်းဖက်ပိုင်းအိမ်ထောင်စုများ သုံးစွဲကြပါသည်။
မြေ/ရေပေါ်အိမ်သာ	၂၉၇	ပင်လယ်ကျေးရွာဖြစ်သောကြောင့် ကျင်းတူးရန် အခက်အခဲ ရှိသဖြင့် ရေပေါ်အိမ်သာများကိုသာ သုံးစွဲကြပါသည်။
တောထိုင်	၂၉	ဆင်းရဲသော အိမ်ထောင်စုများမှာ မသုံးစွဲနိုင်ပါ။
စုစုပေါင်း	**၃၇၂**	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာသည် ပင်လယ်ကျွန်းရွာ ဖြစ်သောကြောင့် ယင်လုံအိမ်သာ ဆောက်လုပ်ရန် ပင်လယ်ရေရောက်သဖြင့် ကျင်းတူးရန် အခက်အခဲရှိပါသည်။ ထို့ကြောင့် အိမ်ထောင်စု အများစုမှာ ရေပေါ်အိမ်သာများကိုသာ သုံးစွဲကြပါသည်။ ကုန်းဖက်ပိုင်းတွင် နေထိုင်သော အိမ်ထောင်စုများမှာ ရေလောင်းအိမ်သာနှင့် ကျင်းအိမ်သာများကို အနည်းငယ် သုံးစွဲကြပါသည်။ တောထိုင်သော အိမ်ထောင်စုများလည်း ရှိပါသည်။ အချို့အိမ်ထောင်စုများမှာ တခြားအိမ်များရှိ အိမ်သာများကို သုံးစွဲကြပါသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာ ဗဟုသုတ ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်သည်ကို တွေ့ရှိရပါသည်။

(၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

စဉ်	ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု		✓	ယခင်ကတည်းက အုပ်ချုပ်ရေးပိုင်း တွင် အမျိုးသားများကို ဦးစားပေး ပါသည်။
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု	✓		ပါဝင်ခွင့်၊ ဆွေးနွေးခွင့်၊ ဆုံးဖြတ်ခွင့် များ ရရှိကြပါသည်။
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယ ဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ		✓	အကြမ်းဖက်နှင့် ပတ်သက်သော အသိပညာရှိပါသည်။

စဉ်	ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၄	အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု	✓		ဥပဒေပိုင်းဆိုင်ရာအသိပညာများသိရှိပါသည်
၅	အခြား (ရှိလျှင်)			

ရင်းမြစ်... (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာ၏ အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုမရှိခြင်းမှာ ယခင်ကတည်းက အမျိုးသားများကို ဦးစားပေးရွေးချယ်ကြောင့် ဖြစ်ပါသည်။ သို့သော်လည်း ကျေးရွာ၏ သာရေးနာရေး ကိစ္စရပ်များတွင် အမျိုးသားများနှင့် အမျိုးသမီးများ အားလုံး အားတက်သရော ပါဝင်ကြပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများအတွက် လူထု၏ အသိအမြင်များရှိသော်လည်း ဟောပြောဆွေးနွေးပွဲများ ပုံမှန် ပြုလုပ်ပေးရန် လိုပါသည်။

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

(၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား (၁/၂/၃/၄)	ကောင်း သင့်/ညံ့	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည်(မိုင်)
				ပွင့်လင်း ရာသီ	တစ်နှစ်ပတ်လုံး	
ရွာတွင်းလမ်းမ	၃	ကောင်း	၂၀၂၀	-	✓	(၁)မိုင်ကျော်
ချဉ်းကပ်လမ်း	-	-	-	-	-	-
ရွာချင်းဆက်လမ်း	-	-	-	-	-	-

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ကျောက်ခင်းလမ်း - ၂၊ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃၊ သစ်သားတံတားလမ်း - ၄

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် ပင်လယ် ရေတက်ချိန်တွင် သွားလာရခက်ခဲပါသည်။ ရွာတွင်းလမ်းကို (၁၉၉၄)ခုနှစ်မှ စတင်ဆောက်လုပ်ထားသဖြင့် ပြန်လည်ပြုပြင်မှုများ ပြုလုပ်ကြပါသည်။ သို့သော်လည်း ကျေးရွာတွင်းလမ်းမှာ မြေနိမ့်ပိုင်းဖြစ်သောကြောင့် ရေတက်ချိန်တွင် အခက်အခဲရှိပါသည်။ ရွာတွင်းလမ်းမှာ (၁)မိုင်ကျော် ရှိသည်ကို တွေ့ရှိရပါသည်။ ကျေးရွာရှိ လူထုများ တစ်နှစ်ပတ်လုံး အသုံးပြုကြပါသည်။

(၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

တံတား အမျိုးအစား	အရွယ်အစား	ကောင်း/သင့်/ညံ့	တည်ဆောက်ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
ဆိပ်ခံတံတား	၁၂၀x ၁၀x၁၈	ကောင်း	၂၀၁၂	-	✓

တံတား အမျိုးအစား	အရွယ်အစား	ကောင်း/သင့်/ညံ့	တည်ဆောက်ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
ရသစ်သားတံတား	-	-	-	-	-
ကြိုးတံတား	-	-	-	-	-
ရေပြွန်	-	-	-	-	-

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာသည် အခြားကျေးရွာသို့ သွားရောက်ပါက ရေလမ်းကြောင်းကို အဓိက အသုံးပြုရသောကြောင့် အစိုးရမှ (၂၀၁၂)ခုနှစ်က ပြုပြင်ဆောက်လုပ်ထားသော ကွန်ကရစ် ဆိပ်ခံတံတားတစ်စင်းရှိပါသည်။ ကျေးရွာဆိပ်ခံတံတားရှိသောကြောင့် လှေဝင်လှေထွက် သွားလာရ အဆင်ပြေသော်လည်း ရေတက်ချိန်တွင်သာ လှေများ ကပ်နိုင်ပါသည်။ ထို့ကြောင့် ဆိပ်ခံတံတားကို ဆက်၍ ဆောက်လုပ်ရန် လိုအပ်ပါသည်။

(၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ် အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
မြစ်ကြောင်း	-	-	-	-
ပင်လယ်ရေကြောင်း	(၁၁၀)	၁	-	✓

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် ပင်လယ်ရေကြောင်းလမ်းခရီးဖြင့် မြိတ်မြို့နှင့် ထိုင်းနိုင်ငံသို့ ကုန်များတင်ပို့ကြပါသည်။ ဥယျာဉ်ခြံထွက်သီးနှံများကို မြိတ်မြို့သို့ တင်ပို့ပြီး ရေလုပ်ငန်းထွက် ပစ္စည်းများကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချသောကြောင့် ပင်လယ်ရေကြောင်း နှစ်ကြောင်းကို အသုံးပြုကြ ပါသည်။ ရေကြောင်းလမ်းခရီးဖြင့် တစ်နှစ်ပတ်လုံး သွားလာနိုင်သည်။ သို့သော်လည်း မိုးရာသီတွင် သွားလာရ အလွန်ခက်ခဲပါသည်။

(၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊ သမ္ဘာန်	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်၊ ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	၁၉၆	၁၂	၄၂	၅၅	၁	၁	-	-

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာသည် ပင်လယ်ကျွန်းရွာ ဖြစ်သောကြောင့် အခြား ကျေးရွာများသို့ သွားရောက်ပါက ရေလမ်းဖြစ်သဖြင့် လှေများကိုသာ အသုံးပြုကြပြီး ကျေးရွာတွင်းမှာ ကုန်းလမ်းဖြစ်သောကြောင့် ဘေးတွဲဆိုင်ကယ်၊ ဆိုင်ကယ်နှင့် စက်ဘီးများကို အသုံးပြုကြပါသည်။ သို့သော်လည်း ရေကြီးသော ရက်များတွင် ကျေးရွာတွင်းလမ်းများကို ပင်လယ်ရေ ရောက်သောကြောင့် ကျောင်းသားများ သွားလာရ အခက်အခဲရှိသည်ကို တွေ့ရှိရပါသည်။

(၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
မဟာဓာတ်အားလိုင်း	-	-	-
ဆိုလာစနစ်	၃၅၀	သင့်	ရှိ
အသေးစားရေအားလျှပ်စစ်	-	-	-
ဒီဇယ်သုံးအင်ဂျင်	-	-	-
လေစွမ်းအင်	-	-	-
ဇီဝလောင်စာ	-	-	-
ဖယောင်းတိုင်	၂၆	-	ရှိ

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်- အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသည့် အသေးစား ဓါတ်အားပေးစနစ်ဖြင့် ၂၄နာရီမီးရရှိရေးဆောင်ရွက်ထားရှိပါသည်။အလွန်ဆင်းရဲသော အိမ်ထောင်စု(၂၆)စုသာ မီတာခ မတတ်နိုင်သည့်အတွက် ဖယောင်းတိုင်မီးသုံးစွဲသည်ကို တွေ့ရှိရပါသည်။

(၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း	အခြား
အရေအတွက်	၃၄၆	၁၈	၂၀၃	၁၂၄	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် ဖုန်းလိုင်းကောင်းမွန်မှု မရှိသော်လည်း ဖုန်းအသုံးပြုသူ များပြားသည်ကို တွေ့ရှိရပါသည်။ ဖုန်းပြောလိုပါက ဖုန်းလိုင်းမိသော နေရာများကို ရွေးချယ်ရပါသည်။ အင်တာနက်လိုင်းများ ကောင်းမွန်မှု မရှိသော်လည်း ရေဒီယို၊ တီဗွီနှင့် စလောင်းများ အသုံးပြုကြသောကြောင့် သတင်းအချက်အလက်များကို အချိန်မှီရရှိနိုင်ပါသည်။

(၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်းအမည်	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု	ဘေးပတ်လည်တွင် အလည်သွားရန်ကျန်းများရှိပါသည်။
လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု	ကျေးရွာလူထုအားလုံးပါဝင်လုပ်ဆောင်ကြပါသည်။
ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု	ကျေးရွာလူထုအားလုံးပါဝင်လုပ်ဆောင်ကြပါသည်။
အားကစားပစ္စည်းများအား လက်လှမ်းမီမှု	ညနေဖက်တွင် ခြင်းလုံးခတ်ခြင်း၊ဘောလုံးကန်ခြင်း
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု	ကျေးရွာလူထုအားလုံးပါဝင်လုပ်ဆောင်ကြပါသည်။
ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး	တစ်နှစ်တစ်ခါနတ်တော်လတွင် နတ်ပွဲပြုလုပ်ပါသည်။
စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု	ကျေးရွာစာကြည့်တိုက်ရှိပြီးအင်တာနက်လက်လှမ်းမှီမှု အားနည်းပါသည်။

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာ၏ ဘေးပတ်ပတ်လည်တွင် အလည်သွားရန် အပန်းဖြေကျွန်းများရှိပါသည်။ ၄င်းကျေးရွာရှိ လူငယ်များသည် ညနေဖက် အလုပ်နားချိန်တွင် ဘော်လုံးကန်ခြင်း၊ ခြင်းခတ်ခြင်းစသော အားကစားများကို ကစားလေ့ရှိကြပါသည်။ ကျေးရွာတွင်း စာကြည့်တိုက်များ ရှိသော်လည်း အသုံးပြုမှု အားနည်းခြင်းနှင့် အင်တာနက်များ လက်လှမ်းမှီမှု အားနည်းခြင်း ဗဟုသုတရှာဖွေမှု အားနည်းကြသည်ကို တွေ့ရှိရပါသည်။ သို့သော် တီဗွီများ၊ စလောင်းများ ရှိသောကြောင့် သတင်းအချက်အလက်များ ရရှိသည်ကို တွေ့ရှိရပါသည်။ တစ်နှစ်တစ်ခါနတ်တော်လတွင် နတ်ကပွဲ ကျင်းပပြီး သီတင်းကျွတ်လတွင် နိဗ္ဗန်ဈေး ကျင်းပလေ့ရှိပါသည်။

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦများအား လက်လှမ်းမီမှု	ဖုန်းလိုင်း ဆက်သွယ်ရေး ကောင်းမွန်မှုမရှိပါ။ ဆက်သွယ်ရေး အဆောက်အဦးမှာ ကရသူရိမြို့တွင် ရှိပါသည်။
အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု	မရှိပါ။
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်	ကျေးရွာလူထုများအနေဖြင့် ကြိုတင်ကာကွယ်ရန် အစီအစဉ်များ ရှိပါသည်။
ရဲစခန်းများအား လက်လှမ်းမီမှု	(၁၅)မိုင်ကွာဝေးသောကံမော်ကြီးကျေးရွာတွင်ရဲစခန်းရှိပါသည်။

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

လေ့လာတွေ့ရှိချက်။ ။ ကရသူရိမြို့တွင် ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦး ရှိပါသည်။ သို့သော်လည်း ကမ်းတောကျေးရွာတွင် ဖုန်းလိုင်းကောင်းမွန်မှု မရှိသောကြောင့် အမှုအခင်းများ ဖြစ်ပွားလျှင်

ရဲစခန်းရှိသော ကံမော်ကြီးကျေးရွာကို လှေဖြင့် (၂)နာရီခန့် သွားရောက်ရပါသည်။ အာမခံလုပ်ငန်းများ လက်လှမ်းမီမှု မရှိပါ။ လူထုအခြေပြု ဘေးအန္တယ်လျှော့ချရေး အစီအစဉ်များရှိသော်လည်း သက်ဆိုင်ရာ ဌာနများမှ အသိပညာဗဟုသုတများ ဟောပြောပေး ရန်လိုအပ်သည်။

(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ဖိုးရိမ် /သာမန်/မရှိ	မရှိ	မရှိ	ဖိုးရိမ်	မရှိ

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမ်းတောကျေးရွာတွင် လူငယ်အများစုမှာ မူးယစ်ဆေးဝါး သုံးစွဲမှုများ ရှိသည်ကို တွေ့ရှိရပါသည်။ လူကုန်ကူးမှု၊ ခိုးမှုများ နှင့်အကြမ်းဖက်မှုများမရှိသလို မှုခင်းဖြစ်ပွားမှုလည်း နည်းပါးပါသည်။ အကြွေးကိစ္စကြောင့် ဖြေရှင်းရသော ပြဿနာများ ရှိသည်ကိုလည်း တွေ့ရှိရပါသည်။ အခြား ကြီးမားသော မှုခင်းများ ဖြစ်ပွားမှု မရှိသဖြင့် မှုခင်း နည်းပါးပါသည်။

၅။ နောက်ဆက်တွဲများ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာ - ကမ်းတောကျေးရွာ **အုပ်စု - မသေ**

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဖစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
ကဏ္ဍ - ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု						
၁။	• လက်ရှိကျေးရွာ အဖွဲ့အစည်းများ စွမ်းဆောင်ရည် အားနည်းခြင်း • လူမှုရေး၊ ဘာသာရေးဆိုင်ရာ အဖွဲ့သာရှိပြီး စီးပွားရေး၊ ဘက်စုံဖွံ့ဖြိုးရေး စီမံခန့်ခွဲသည့် အဖွဲ့များ မရှိခြင်း • ဦးဆောင်မှုအပိုင်းတွင် အမျိုးသမီးများ နေရာမရခြင်း။	• ဖွံ့ဖြိုးရေးလုပ်ငန်းများအား အချိန်ပေးနိုင်သူ နည်းခြင်း။ • ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည် မြင့်တင်မှုမရှိခြင်း • စီမံကိန်းရေးဆွဲ၍ ကျေးရွာဖွံ့ဖြိုးရေးအကောင်အထည်ဖော်သည့် စနစ်မရှိသေးခြင်း • ဓလေ့ထုံးစံအရ	• ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအကောင်အထည်ဖော်နည်းများ လေ့ကျင့်ရန် နိုင်ငံတော်၏ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ဝင်ငွေတိုး စီမံကိန်း ရှိခြင်း ဖွံ့ဖြိုးရေးထောက်ကူပြုေေမတီတွင် အမျိုးသမီးဥက္ကဋ္ဌများ ပါဝင်လာခြင်း	• ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စွမ်းရည်မြှင့်တင်ရေးအတွက် မြို့နယ်အဆင့်မှ နည်းပညာ အကူအညီများ စဉ်ဆက်မပြတ် ရရှိနိုင်မည့် အစီအစဉ်များ မရှိခြင်း •ကျေးရွာသူ၊ကျေးရွာသားများမှစိတ်ပါဝင်စားမှုအားနည်းခြင်း။	• ကျေးရွာအသက်မွေးဝမ်းကျောင်းစီမံကိန်းများအကောင်အထည်ဖော်ရန် လိုအပ်သောအဖွဲ့များဖွဲ့စည်းခြင်း(အဖွဲ့များတွင် အမျိုးသား အမျိုးသမီး အချိုးကျ ဖွဲ့စည်းခြင်း။) • ဖွဲ့စည်းပြီးသောအဖွဲ့များကို စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း(အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု၊ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်မှုဆိုင်ရာများ) • မြို့နယ်အဆင့်မှစီမံခန့်ခွဲ၍ ရပ်/ကျေးဥပဒေများ ချမှတ်ပေးရန်။	• ၁။ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့များစွမ်းရည်မြှင့်တင်ခြင်း။ • ၂။မြို့နယ်မှရပ်/ကျေးဆိုင်ရာ စည်းမျဉ်းဥပဒေများချမှတ်ပေးရန်။

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
ကဏ္ဍ - ငါးလုပ်ငန်း						
၂။	• ငါးပုဇွန် ဈေးနှုန်း ရရှိမှု လျော့နည်းခြင်း • ဆင်းရဲသူများ လုပ်ငန်းလည်ပတ်ရန် အရင်းအနှီး မလုံလောက်ခြင်း • ငါးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း ဗဟုသုတ အားနည်းခြင်း	• ငါးပုဇွန်အရောင်းအဝယ် ကုန်သည်တစ်ဦးတည်းကို သာ မှီခိုနေရခြင်း (ငွေကြေး အရင်းအနှီးများအတွက်) • ဆင်းရဲသောမိသားစုများ အတွက်သင့်တော်မည့် ချေးငွေ ဝန်ဆောင်မှုစနစ်များ မဖွံ့ဖြိုးခြင်း • ငါးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း ဗဟုသုတ တိုးတက်ရေးအစီအစဉ်များ စနစ်တကျ ရရှိရန် လိုအပ်ခြင်း	• ဈေးပြိုင်ဝယ်ယူမည့် ကုန်သည်များရှိခြင်း၊ • ငါးပုဇွန်ဈေးကွက်သတင်း အချက်အလက်ရရှိရေး အတွက် အင်တာနက် အသုံးပြုနိုင်ခြင်း၊ • ငါးပုဇွန်ဈေးကွက်ဖွံ့ဖြိုးတိုး တက်ရေးနည်းလမ်းများ ဖော်ထုတ်ရန် အသက်မွေး ဝမ်းကျောင်းနှင့် ဝင်ငွေမြင့် တင်ရေး စီမံကိန်း ဆောင် ရွက်နေခြင်း	• ငါးပုဇွန် ထုတ်လုပ် ရောင်းဝယ်ရေးဈေးကွက် ဖွံ့ဖြိုးရေးအစီအစဉ်များ လိုအပ်ခြင်း	• ငါးထုတ်ကုန်ဈေးကွက်တိုး တက်ရေးအတွက် မြို့နယ် အဆင့်အဖွဲ့အစည်းများသို့ တင်ပြခြင်း (အောက်ပါကဲ့သို့ လုပ်ငန်းများဆောင်ရွက်နိုင် ရန်) – အစုအဖွဲ့စနစ်ဖြင့် ထုတ်လုပ် ရောင်းချသည့် စနစ်များ ထူ ထောင်ခြင်း၊ – ကျေးရွာအခြေပြု ငွေစုငွေချေး အဖွဲ့များ ထူထောင်ခြင်း၊ – အတိုးနှုန်းနည်းနည်းဖြင့် ငွေထုတ်ချေးနိုင်မည့် လုပ်ငန်း ရှင်များနှင့် ချိတ်ဆက်ခြင်း၊ – ငါးလုပ်ငန်းဦးစီးဌာနနှင့် ချိတ်ဆက်၍ ငါးလုပ်ငန်း ဥပဒေဆိုင်ရာ ဟောပြောပွဲ များကျင်းပခြင်း၊ – ငါးလုပ်ငန်းကဏ္ဍတိုးတက်စေ ရေး လုပ်ဆောင်နေသော အဖွဲ့များနှင့် ချိတ်ဆက်ခြင်း။	၃။ငါးထုတ်ကုန်ဈေးကွက် လက်လှမ်းမီမှု တိုးတက် အောင် ဆောင်ရွက်ခြင်း ၄။ ဆင်းရဲအဆင့် အိမ်ထောင်စုများ ကိုယ်ပိုင် ငါးဖမ်းလုပ်ငန်း ထူထောင် နိုင်ရန် ရင်းနှီးငွေ ရရှိအောင် ဆောင်ရွက်ခြင်း
– **ကဏ္ဍ - သီးနှံထုတ်လုပ်ရေး**						
၃။	•သီးနှံစိုက်ပျိုးသူနည်း ပါးခြင်း	• ပင်လယ်ကမ်းခြေရွာ ဖြစ်သည့်အတွက် ဒီရေ ဝင်ရောက်မှုရှိခြင်း၊	• နှစ်ရှည်သီးနှံခြံများတွင် နှစ်တိုသီးနှံများအား ကာလတိုဝင်ငွေရသီးနှံ	• ဈေးကွက်နှင့် အလှမ်းဝေး ခြင်း • ငါးပုဇွန်လုပ်ငန်းကိုသာ	• ရေပိုက်လိုင်း၊ ရေစုပ်စက်များ ဖြင့်ရေရရှိအောင်ဖန်တီးခြင်း၊	၅။ စိုက်ပျိုးရေ ရရှိရန် ဆောင်ရွက်ခြင်း

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
	• စိုက်ပျိုးနည်းပညာ ဗဟုသုတ အားနည်းခြင်း	• စိုက်ပျိုးသည့် ဥယျာဉ်ခြံနှင့် ရေအရင်းအမြစ် ဝေးကွာနေခြင်း၊ ကုန်းမြင့်ဒေသများတွင် ရှိနေခြင်း၊ • မြေပိုင်ဆိုင်သူ နည်းပါးခြင်း • သီးနှံစိုက်ပျိုးရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှု ထိရောက်စွာ မရရှိခြင်း၊ • အရင်းအနှီး လုံလောက်မှု မရှိခြင်း၊	အဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း	အားထားကြခြင်း • စိုက်ပျိုးရေးကို စိတ်ဝင်စားမှုအားနည်းခြင်း။	ရေတင်နည်းစနစ်များ ရရှိရန် ချိတ်ဆက်ခြင်း၊ • ကြားသီးနှံများ စိုက်ပျိုးလာနိုင်စေရန် အသိပညာနှင့် နည်းပညာများတောင်းခံခြင်း၊ • ရေလုပ်ငန်းသက်သက်ကိုသာ အားထားခြင်းမပြုဘဲ စိုက်ပျိုးရေး လုပ်ငန်းကိုပါဝင်ငွေရလုပ်ငန်းအဖြစ် ဆောင်ရွက်လာရန် စီစဉ်ခြင်း၊ • ငွေပေါ်လွယ်သည့် ရာသီပေါ်သီးနှံများစိုက်ပျိုးသည့်နည်းပညာများ ရရှိရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း၊ • အတိုးနှုန်းသက်သာသော ချေးငွေများ ရရှိရန် ချိတ်ဆက်ခြင်း၊ • ဈေးကွက်ဆိုင်ရာ ဗဟုသုတများ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊	၆။ သီးနှံစိုက်ပျိုးရေး နည်းပညာဝန်ဆောင်မှုများ ရရှိအောင် ဆောင်ရွက်ခြင်း၊ (စိုက်ပျိုးနည်း၊ ဈေးကွက်၊ လုပ်ငန်းစီမံခန့်ခွဲမှု)
ကဏ္ဍ - မွေးမြူရေး						
၄။	• ဝက်၊ ကြက်ရောဂါကျရောက်၍ ဆုံးရှုံးခြင်း • မြေနေရာ၊အရင်းအနှီး၊ မျိုးကောင်းမျိုးသန့် ရရှိရန် ခက်ခဲခြင်း။	• ကာကွယ်ဆေးထိုးသည့် အစီအစဉ်များ မရှိခြင်း၊ • ခေတ်မှီမွေးမြူရေး အသိပညာ အားနည်းခြင်း၊ • ဈေးကွက်နှင့် အလှမ်းဝေးခြင်း၊	• မွေးမြူရေးလုပ်ငန်းကို မိသားစုအပိုဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်ရန် အမျိုးသမီးများ အချိန်ပေးနိုင်ခြင်း	• တိရစ္ဆာန်ရောဂါကာကွယ်ကုသရေး နည်းပညာဝန်ဆောင်မှုများ ရရှိရန် မလွယ်ကူခြင်း	• မွေးမြူရေးလုပ်ငန်း စီမံခန့်ခွဲမှုနှင့် နည်းပညာများရရှိရန် မွေးကုဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း၊ • အတိုးနှုန်းသက်သာသော ချေးငွေများရရှိရန် စီစဉ်ခြင်း၊	၇။ တစ်နိုင်တစ်ပိုင် မွေးမြူ ရေး လုပ်ငန်းများ လုပ် ကိုင် နိုင်အောင် ဆောင် ရွက်ခြင်း

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
ကဏ္ဍ - စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေတိုးလုပ်ငန်းများ						
၅။	• အမျိုးသမီးများ ဝင်ငွေရလုပ်ငန်းများ မလုပ်ကိုင်နိုင်ခြင်း • အသက်မွေးဝမ်းကျောင်း ဆိုင်ရာကျွမ်းကျင်မှု အားနည်းခြင်း	• ရေသယ်ဓာတမျိုးစိတ်များ လျော့နည်းလာခြင်း (ဥပမာ- ငါးပိ ထုတ်လုပ်ရန်) • အတန်းပညာတတ်မြောက်သူ နည်းခြင်း၊ • ပြင်ပထွက် လေ့လာမှု အား နည်းခြင်း၊ • ရေလုပ်ငန်းကိုသာ အဓိက အသက်မွေးမှုဟုထင်နေခြင်း၊	• ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန် အမျိုးသမီးများ အချိန်ပေးနိုင်ခြင်း • ရေလုပ်ငန်းထွက်ကုန်ကြမ်းများ ရရှိနိုင်ခြင်း	• လုပ်ငန်းအခွင့်အလမ်း တိုးတက်ရေးစီမံကိန်းများ ဒေသတွင်း၌ မရှိခြင်း	• အလုပ်အကိုင်အခွင့်အလမ်းများ လက်လှမ်းမီမှု တိုးတက်ရေး အစီအစဉ်များဖြင့် ကျေးရွာလူထုအား ကူညီရန် မြို့နယ်အဆင့်သို့ တင်ပြခြင်း	၈။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ခြင်း ၉။အိမ်တွင်းမှု သင်တန်းများရရှိနိုင်ရန်
ကဏ္ဍ - ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း						
၆။	• သင့်တင့်သော ချေးငွေ ရရှိရန် ခက်ခဲခြင်း	• တစ်ဦးနှင့် တစ်ဦး ယုံကြည်မှု အားနည်းခြင်း၊ • ပြန်မဆပ်နိုင်မည်ကို စိုးရိမ်ခြင်း • ရွှေပြောင်းနေထိုင်မှုများ ရှိခြင်း • အပေါင်ခံပစ္စည်း မရှိခြင်း • အတိုးနှုန်း မြင့်မားခြင်း	•	• အသေးစားချေးငွေ ဝန်ဆောင်မှုများ မြို့နယ် တွင်း၌ မဖွံ့ဖြိုးခြင်း	• အတိုးနှုန်းသက်သာသော ငွေချေးရရှိနိုင်ရန် မြို့နယ် အဆင့်သို့ တင်ပြခြင်း၊ • လူထုကိုယ်တိုင် ဦးဆောင်သည့် ငွေစုငွေချေးအဖွဲ့များ ထူထောင်ခြင်း၊	၁၀။ အစုအဖွဲ့စနစ်ဖြင့် ချေးငွေရရှိရေး ဆောင်ရွက်ခြင်း
ကဏ္ဍ - ပညာရေး						
၇။	• မူလတန်းကျောင်း ထွက်နှုန်း မြင့်မားခြင်း • အလယ်တန်း အထက်တန်းပညာ ပြီးစီးမှု နည်းခြင်း • ဆရာ/ဆရာမ လုံလောက်မှုမရှိခြင်း	• စားဝတ်နေရေး မပြေလည်မှုများခြင်း၊ • မိသားစုလုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်ကြခြင်း • ပညာရေးအား စိတ်ဝင်စားမှု အားနည်းခြင်း၊ • တခြားနေရာတွင်သွားရောက်	• ရွာတွင်ရှိသောမူလတန်းအထိတက်ရောက်သူများပြားခြင်း • ဝန်ထမ်းအိမ်ယာအတွက် မြေနေရာရှိခြင်း	• ကျေးရွာတွင်မူလတတန်း အထိသာရှိခြင်း	• ပညာရေးအား စိတ်ဝင်စားမှု မြင့်မားလာစေရန်အသိပညာ ပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ • အဆင်မပြေသော ကျောင်းသားများအား ပညာရေး အတွက် ထောက်ပံ့ပေးနေ	၁၁။ဝန်ထမ်းအိမ်ယာ ချပေးရန် ၁၂။ ပညာတတ်မြောက်မှု တိုးတက်အောင် ဆောင်ရွက်ခြင်း

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
	• ဆရာ/ဆရာမ အတွက် ဝန်ထမ်းအိမ်ယာများ မရှိခြင်း	တက်ကြရခြင်း • ပညာရေးကုန်ကျစရိတ် များလာခြင်း၊ • တခြားနေရာသို့ပြောင်းရွှေ့ သွားသောဆရာ/ဆရာမ များအစားပြန်မရရှိခြင်း။			သော အဖွဲ့များနှင့် ချိတ်ဆက် ခြင်း၊ • ကျောင်းရန်ပုံငွေ ရှာဖွေခြင်း/ စုဆောင်းခြင်း	
ကဏ္ဍ - ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး						
၈။	• ကျန်းမာရေးအတွက် တခြားရွာများသို့သွား ရောက်ပြသရခြင်း	• ကျေးလက် ဆေးပေးခန်း မရရှိခြင်း • အခြေခံကျန်းမာရေးဆိုင်ရာ များအား အလေးထားမှု အားနည်းခြင်း	• ဆေးပေးခန်းတည်ဆောက် ရန်မြေနေရာရှိခြင်း	•	• ကျေးလက်ဆေးပေးခန်း အစိုးရမှ ချပေးရန်	၁၃။ ကျေးလက် ဆေးပေးခန်းရရှိအောင် ဆောင်ရွက်ပေးခြင်း
ကဏ္ဍ - လမ်း၊ တံတား၊ အခြေခံ အဆောက်အဦ						
၉။	•ဆိပ်ခံတံတား မရှိခြင်း	• လှေများဝင်ထွက်သွားလာ ဆိုက်ကပ်ရန်ခက်ခဲခြင်း	• ဆောက်လုပ်ရေးအတွက် သဲကျောက်များ အလွယ်တကူရရှိနိုင်ခြင်း	• ငွေကြေးအရင်းအနှီး မရှိခြင်း	• ဆိပ်ခံတံတား တည်ဆောက်ရန်	၁၄။ ပေ (၂၀၀) ရှည်သော ကွန်ကရစ် ဆိပ်ခံတံတား တည်ဆောက်ခြင်း။
ကဏ္ဍ - ကျေးရွာမီးလင်းရေး						
၁၀	• မိုးရာသီတွင် အချိန်ပြည့် မီးမလင်း နိုင်ခြင်း	• မီးစက် စက်ချို့ယွင်းခြင်း	• ဆိုလာမီးများ ရရှိနေပြီးဖြစ်	•	• **ကျေးလက်ဦးစီးဌာနမှ ဆိုလာအသေးစားခါတ်အား ပေးစနစ်ဖြင့်(၂၄)နာရီမီး ရရှိရေးဆောင်ရွက်ပြီး**	၁၅။ ကျေးရွာမီးလင်းရေး ဆောင်ရွက်ခြင်း
ကဏ္ဍ - လူငယ်နှင့် ယဉ်ကျေးမှု						
၁၁။	• လူငယ်ဖွံ့ဖြိုးရေးအစီ အစဉ်များမရှိသေး ခြင်း	• လူငယ်ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲဆောင်ရွက်သည့် ဗဟုသုတနှင့်အလေ့အထ မရှိခြင်း၊	•	•	• လူငယ် ဖွံ့ဖြိုးရေးလုပ်ငန်း များ လေ့လာဆောင်ရွက် နိုင်ရန် မြို့နယ်အဆင့် အဖွဲ့ အစည်းများထံ လေ့လာခြင်း	၁၆။ လူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက် ခြင်း

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
ကဏ္ဍ - သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ် လျော့ချရေး						
၁၂။	• ငါးမျိုးပြုန်းတီးလာခြင်း • အမှိုက် စွန့်ပစ်မှု စနစ်မကျခြင်း • ဒီရေတော ပြုန်းတီးလာခြင်း • ရေကြီးနိုင်သည့် အန္တရာယ် ရှိခြင်း • ရေထု ညစ်ညမ်းခြင်း	• ရှေးယခင်ကတည်းက မီးသွေးဖုတ်ရာတွင် ဒီရေတော တစ်ခုတည်းကိုသာ မှီခို ထုတ်လုပ်ခြင်း • စားကျက်မြေ၊ မျိုးပွားရန် နေရာ လျော့နည်းလာသဖြင့် ငါးမျိုးစိပ်များရှားပါးလာခြင်း • ဒီရေတော ထိန်းသိမ်းမှု၊ ခုတ်ယူမှုတွင် ဥပဒေစိုးမိုးမှု အားနည်းခြင်း • အမှိုက်များ စွန့်ပစ်ရန် မြေနေရာ/သတ်မှတ် မထားခြင်း • ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ အသိပညာ အားနည်းခြင်း	•	•	အောက်ပါလုပ်ငန်းများဆောင်ရွက်နိုင်ရန် မြို့နယ်အဆင့်သို့ တင်ပြခြင်း • ဒီရေတော စိုက်ခင်းများ ပြန်လည်ထူထောင်ခြင်း • ဒီရေတောထိန်းသိမ်းရေးဆိုင်ရာ ဒေသစည်းမျဉ်း ဥပဒေများ ရေးဆွဲသတ်မှတ်ခြင်း • ဒီရေတောထိန်းသိမ်းရေး အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ • အမှိုက်များ စွန့်ပစ်ရန် မြေနေရာ သတ်မှတ်ခြင်း၊ စည်းကမ်းများ သတ်မှတ် လုပ်ဆောင်ခြင်း။	၁၇။ ဒီရေတောနှင့် ငါးသယံဇာတ ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း

အခြေခံအဆောက်အဦနှင့် ဦးစားပေးလုပ်ငန်းများ

ကျေးရွာ - ကမ်းတောာ **အုပ်စု - မသေ** **ရက်စွဲ** - ၁၀၊ ၁၀၊ ၂၀၁၇

ဦးစားပေးအဆင့်	ဦးစားပေးလုပ်ငန်းများ
၁	ကျေးရွာဆိပ်ခံတံတား
၂	ရွာတွင်းကွန်ကရစ်လမ်း
၃	ဆေးပေးခန်း
၄	အသေးစားချေးငွေ
၅	ကျေးရွာဘက်စုံသုံးခန်းမ

အသက်မွေးဝမ်းကျောင်းဆိုင်ရာဦးစားပေးလုပ်ငန်းများ

ဦးစားပေးအဆင့်	ဦးစားပေးလုပ်ငန်းများ
၁	ဂဏာန်းထောင်
၂	ဝက်မွေးမြူရေး
၃	ဘဲမွေးမြူရေး
၄	ကြက်မွေးမြူရေး

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏

အခြေခံအဆောက်အဦးနှင့် ဦးစားပေးလုပ်ငန်းများ

ကျေးရွာ- ကမ်းတော အုပ်စု -မသေ ရက်စွဲ- ၃၁.၃.၂၀၂၄

ဦးစားပေးအဆင့်	ဦးစားပေးလုပ်ငန်းများ
၁	လူလျှောက်တံတားတည်ဆောက်ခြင်း
၂	လူလျှောက်တံတားတည်ဆောက်ခြင်း အပိုင်း(၂)
၃	မြေထိန်းနံရံတည်ဆောက်ခြင်း
၄	မြေထိန်းလမ်းဆောင်ရွက်ခြင်း
၅	တွင်းတိမ်(၁)တွင်း၊ဂါလံ(၅၀၀၀)ဆံ့ရေကန်၊ရေစက်ရုံနှင့်ပိုက်လိုင်းသွယ်ခြင်း

အသက်မွေးဝမ်းကျောင်းဆိုင်ရာနှင့်ဌေကြေးဦးစားပေးလုပ်ငန်းများ

ဦးစားပေးအဆင့်	ဦးစားပေးလုပ်ငန်းများ
၁	အခြေခံအပ်ချုပ်စက်သင်တန်း
၂	ဆိုင်ကယ်ပြင်သင်တန်း